ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ (20-2-2012)(၇၀၄၁)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ ၂၈၈ ဧကစိုက်ကွင်း၌ မြေယာပြုပြင်နေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးလာရန်အတွက် တိုးတက်ကောင်းမွန်သည့် ပြောင်းလဲမှုဖြင့် ပြောင်းလဲဆောင်ရွက်

လယ်ယာလုပ်သားရှားပါးလာမှုကို ကုစားနိုင်ရန်အတွက် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းရမည်ဖြစ်

အထွက်လည်းတိုး၊ စား၍လည်းကောင်း၊ ပြည်ပဈေးကွက်လည်း ဝင်ဆံ့သည့် စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ ကျင်းပသည့် နွေစပါး ၃၆၉ ဧက ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ဆန်စပါးအထူးပြုကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ လေ့လာရေးရောက်ရှိနေကြသည့် တောင်သူများ၊ အလျင်လိုကျေးရွာနှင့် မဲဇလီကုန်းကျေးရွာတို့မှ တောင်သူများနှင့် ဒေသခံပြည်သူများ၊ ကောက်စိုက်လုံမေများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးများ ထွန်တုံးပိတ်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

ဝန်ထမ်းများအနေဖြင့် ကျေးရာကဏ္ဍမှ အစွမ်းကုန်ကြိုးစား ထမ်းဆောင်ကြမည်ဟု ခံယူ
ပြည်တွင်းသတင်း စာမျက်နှာ ၃

ဆီးနှင်းဖုံးလွှမ်းခံရသော ကားအတွင်း နှစ်လကြာ ပိတ်မိနေသူ အမျိုးသားတစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်
နိုင်ငံတကာသတင်း စာမျက်နှာ ၄

ကြေးမုံစာတည်းရှုထောင့်

၂၀-၂-၂၀၁၂(တနင်္လာနေ့)။

ကိန်းမဲ့တန်ဖိုး

ရာထူးတစ်ဆင့်မှ ရာထူးတစ်ဆင့်သို့ တိုးမြှင့်ပေးခြင်းသည် မူလရာထူးထက်ကြီးလေးသောတာဝန်ကို ထမ်းဆောင်စေခြင်းဖြစ်သည်။ မူလထက်ကြီးလေးသောတာဝန်ကို ထမ်းဆောင်နိုင်မည့်အရည်အချင်းသည် သူဖြတ်သန်းလာခဲ့ရသောနှစ်ကာလ သို့မဟုတ် ဆောင်ရွက်ခဲ့ရသောလုပ်ငန်းသက်တမ်းမဟုတ်ပေ။ သူဖြတ်သန်းလာခဲ့ရသော နှစ်ကာလသက်တမ်းအတွင်း သူထမ်းဆောင်နိုင်ခဲ့ခြင်းများက သူ၏အရည်အချင်းဖြစ်သည်။ ထမ်းဆောင်နိုင်ခဲ့မှု အရည်အချင်းကိုကြည့်ပြီး ရာထူးတိုးမြှင့်သင့်သည်၊ မသင့်သည်ကို ဆုံးဖြတ်မည်သာဖြစ်သည်။ မူလရာထူးထက် တစ်ဆင့်မတက်နိုင်သေးခြင်းသည် သူထမ်းဆောင်ခဲ့သော နှစ်ကာလနှင့်ညီမျှသည့် အရည်အချင်းမပြည့်ဝသေး၍သာ ဖြစ်ပေမည်။

အသက်ရှင်သန်နေဆဲလူတို့သည် နှစ်ကာလများကို ကျော်လွှားဖြတ်သန်းနေကြရသည်။ ကျော်လွှားဖြတ်သန်းလာခဲ့ရသောနှစ်ကာလများကို သက်တမ်းဟူ၍ ရေတွက်ကြပြန်သည်။ ဖြတ်သန်းလာခဲ့ရသော နှစ်အရေအတွက်တို့သည် ထိုလူတစ်ဦး၏ အသက်ရှင်သန်ရပ်တည်လာမှုကို ပြနေခြင်းဖြစ်သည်။ အသက်ဘယ်ရွေ့ဘယ်မျှ ရှိနေပြီဟုဆိုခြင်းသည် လူ့လောကထဲ၌ ကျင်လည်ရှင်သန်လာခဲ့သော နှစ်အရေအတွက်ကို ညွှန်းဆိုခြင်းသာ ဖြစ်ပါသည်။ ကိန်းဂဏန်းသတ်မှတ်ချက်အရေအတွက်အရ အသက်ဘယ်ရွေ့ဘယ်မျှရှိပြီဟု ရေတွက်နိုင်ခြင်းဖြစ်သည်။ ရေတွက်နေကြခြင်းဖြစ်သည်။

ကိန်းဂဏန်းတို့သည် သူ့တန်ဖိုးနှင့်သူရှိနေပြီးသားဖြစ်သည်။ ကိန်းဂဏန်းတစ်ခုစီ၏ တန်ဖိုးကို အလိုလိုသိနိုင်သည်၊ မသိနိုင်သည်က အသက်ဘယ်ရွေ့ဘယ်မျှရှိပြီဟူသော နှစ်ကာလသက်တမ်းအရေအတွက်နှင့် ညီမျှသော တန်ဖိုးပင်ဖြစ်သည်။ နှစ်ကာလအရေအတွက်နှင့်တန်ဖိုးသည် ထပ်တူညီရှိသည်၊ မရှိသည်ကို မိမိဘာသာမိမိ ပြန်လည်ဆန်းစစ်ရမည်သာဖြစ်သည်။ အသက်ဟုခေါ်သော ကြီးရင့်လာသည့်နှစ်ကာလအရေအတွက်နှင့်ညီမျှသော တန်ဖိုးကို နှိုင်းယှဉ်တိုင်းတာကြသည်။ လူ့တန်ဖိုး လူ့အရည်အချင်းသည် လူတစ်ဦးချင်းစီ၏ စိတ်ဓာတ်နှင့်လည်းသက်ဆိုင်သည်။ ခံယူကျင့်သုံးနေသောကိုယ်ကျင့်တရားများကလည်း အရည်အချင်းကို ဖော်ပြပေးသည်။ တွေးခေါ်မြော်မြင်နိုင်မှု၊ ဝေဖန်ဆန်းစစ်နိုင်မှု၊ ဖန်တီးတီထွင်နိုင်မှု၊ ကောင်းကျိုးဆိုးပြစ်များကို ခွဲခြားသိမြင်နိုင်မှု၊ ကိုယ်ချင်းစာ ညှာတာထောက်ထားမှု၊ မကောင်းမှုဟူသမျှကို ရှောင်ကြဉ်နိုင်ပြီး ကောင်းမှုဟူသမျှကို သယ်ပိုးဆောင်ရွက်နိုင်မှုစသည်တို့ကလည်း လူတစ်ဦးချင်းစီ၏ အရည်အသွေးများဟု ဆိုရမည်။

အသက်အရွယ်နှင့်ညီမျှသော စံပြုထိုက်သည့် အရည်အချင်းများ မပြည့်မီပါက ထိုလူ၏တန်ဖိုးသည် လျော့နည်းနေမည်သာဖြစ်သည်။ အသက်အရွယ်ဟုဆိုရသော သက်တမ်းအရေအတွက်နှင့်ညီမျှသည့် အရည်အချင်းပြည့်ဝနေမှသာ တန်ဖိုးပြည့်မီသောလူတစ်ဦးအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ တန်ဖိုးပြည့်မီသောလူများကို စုပေါင်းပြီး ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းသည်သာလျှင် လူမှုလောက လူ့ဘဝကို ထိန်းကျောင်းပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိပိုင်ဆိုင်ခွင့်ရရှိထားသည့် မိမိ၏အသက်နှင့်ညီမျှသော အရည်အချင်းများပြည့်မီနေအောင် ဖြည့်ဆည်းနေကြရမည်သာ ဖြစ်ပါသည်။

အသက်က ဘယ်ရွေ့ဘယ်မျှရှိနေပြီ၊ လုပ်သက်က ဘယ်ရွေ့ဘယ်မျှရှိနေပြီ၊ အတွေ့အကြုံရင့်ကျက်လှပြီဟု ဆိုခြင်းထက် အသက်အရွယ်နှင့်ညီမျှသော၊ တချို့ အသက်အရွယ်ထက်သာလွန်သော အရည်အချင်းပြည့်မီနေဖို့သာ လိုအပ်ပေသည်။ လုပ်ငန်းအတွေ့အကြုံ လုပ်သက်နှင့်ညီမျှသော၊ တချို့ လုပ်ငန်းလုပ်သက်ထက်သာလွန်သော အရည်အချင်းပြည့်မီနေသူများလည်း ရှိသည်။ အသက်အရွယ်နှင့်ညီမျှသော လူ့တန်ဖိုးအရည်အချင်း မပြည့်မီသူများ၊ လုပ်သက်နှင့် ညီမျှသည့်လုပ်အားတန်ဖိုး အရည်အချင်း မပြည့်မီသူများထဲတွင် မိမိပါဝင်နေခြင်းမရှိအောင် အစဉ်သတိပြုနေရမည် ဖြစ်သည်။ ။

ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ အချိန်တိုအတွင်း ချုပ်ငြိမ်းရေး နိုင်ငံတော်အနေဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်ရှိ ရေဘတ်ကျောင်း၌ မန်စီ၊ မိုးမောက်၊ ဒွေ့ဖုန်းယန်နှင့် ဝိုင်းမော်မြို့နယ်တို့မှ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား သွားရောက်တွေ့ဆုံပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာကြသည့် တိုင်းရင်းသားမိသားစုများအား ပြည်နယ်အစိုးရနှင့် NGOအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများအပေါ် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိတို့လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် နှစ်ဖက် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပြည်နယ်အတွင်း တဖြည်းဖြည်းရရှိလာပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ အချိန်တိုအတွင်း ထိရောက်စွာချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ နစ်နာဆုံးရှုံးခဲ့ရသည့် လူမှုစီးပွားဘဝများကို မူလအခြေအနေများထက် သာလွန်ကောင်းမွန်သည်အထိ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ လူမှုစီးပွားများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ပေးသွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားမိသားစုများ ခေတ္တတည်းခိုနေထိုင်စဉ် အသက်အရွယ်အလိုက် ကလေးသူငယ်စောင့်ရှောက်ခြင်းနှင့် အမျိုးသမီး သက်မွေးမှုပညာရပ်များကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်ကြားပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့လာသူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် ပြည်နယ်ငြိမ်းချမ်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်သည်များအပေါ် ဆွေးနွေးပြောကြားပြီး နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ လှူဒါန်းထောက်ပံ့ငွေများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသား မိသားစုများထံ ပေးအပ်ကြသည်။

ထို့နောက် နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မိုးပွင့်အဆင့်(၂)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုလူဦးရေစာရင်း(မိတ္တူ) ကွင်းဆင်းဆောင်ရွက်ပေးနေမှုနှင့် တည်းခိုနေထိုင်ရေးစခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသား မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်ရှိ ရေဘတ်ကျောင်း၌ မန်စီ၊ မိုးမောက်၊ ဒွေ့ဖုန်းယန်နှင့် ဝိုင်းမော်မြို့နယ်တို့မှ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးမြို့နယ်ခွဲ မြတ်မော်တင်တောင်ထိပ်ရှိ မဟာမကုဋ္ဌရံသီဆံတော်ရှင် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၁ ရက် (ဖေဖော်ဝါရီ ၂၂)ရက်မှ တပေါင်းလပြည့်နေ့ (မတ် ၇)ရက်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင်စေတီတော်မှာ မြတ်စွာဘုရားပွင့်တော်မူစဉ်က မဇ္ဈိမဒေသတစ်ခွင် ကုန်ရောင်းထွက်ကြသော ဥက္ကလာပတိုင်းသား တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မြတ်စွာဘုရားရှင်ထံတော်မှ ပထမဦးစွာ ဆံတော်ရှင်ရှစ်ဆူပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ကြသည်။ ကုန်သည်ညီနောင်တို့လည်း ရေလမ်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်ခဲ့ကြရာ ဇေယျသေန နဂါးမင်းပိုင်စိုးသော နဂရေအင်္ဂူသို့ ဖြတ်သန်းခဲ့ရာတွင် ဇေယျသေန နဂါးမင်းက ဆံတော်နှစ်ဆူပင့်ဆောင်ယူပြီး မော်တင်တောင်ထိပ်၌ ဌာပနာသွင်း၍ ပူဇော်ထားခဲ့သည်။

ထို့နောက် အလောင်းစည်သူမင်းကြီးသည် ပင်လယ်ရပ်ခြား တိုင်းနိုင်ငံများသို့ ရေလမ်းခရီးဖြင့် လှည့်လည်ရာတွင် မော်တင်တောင်ထိပ်၌ရှိသော ဆံတော်ရှင်စေတီမှ ရောင်ခြည်တော်ကွန့်မြူးသည်ကို အံ့သြဖွယ်မြင်တွေ့ခဲ့ရသဖြင့် ဖောင်တော်ဆိုက်၍ ဆံတော်ရှင်စေတီတော်ကို တက်ရောက်ဖူးမြော်ခဲ့သည်။ ထိုစေတီတော်ကိုလည်း ငုံ၍ အမြင့်သံတောင် ၄၀ ရှိ စေတီကြီးအဖြစ် ပြုပြင်တော်မူခဲ့သည်။

ထို့ပြင် ဖောင်တော်ဆိုက်စေတီကို ဖောင်တော်ဦးစေတီအဖြစ် ပြုပြင်တော်မူခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့သည်။ ထိုအစဉ်အလာမှ အစပြု၍ ယနေ့ထိတိုင် တပေါင်းလတွင် ဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပွဲတော်ရက်တွင် ထူးခြားသည်မှာ ဘုရားဖူးအချို့က ပင်လယ်တွင်ရှိသော နတ်နဂါးတို့အား အစာကျွေးကြပြီး မိမိတို့အလိုရှိရာဆုများ တောင်းကြသည်။ အချို့က ကျောက်တန်းကျောက်ဆောင်များတွင် အပန်းဖြေကြသည်။ ကမ်းစပ်ဆီသို့ ပြေးလွှားရိုက်ခတ်နေသော လှိုင်းလုံးကြီးများကို စီးခိုကစားကြသည်။ မကျန်းမာသူများနှင့် သက်ကြီးဝါကြီးများသည် သဘာဝဆားငန်ရည်စိမ်၍ ကျန်းမာရေးအတွက် အနားယူနိုင်သည်။ ဘေးဥပဒ်အန္တရာယ်မရှိ နတ်နဂါးတို့က စောင့်ရှောက်ကြသည်ဟု အဆိုရှိ၏။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ချမ်းမြေ့သာယာစွာ ကောင်းမှုကုသိုလ်ပြုလုပ်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးရေယာဉ်အသင်းက ပုသိမ်ဆိပ်ကမ်းမှနေ၍ ရွှေစင်ကြယ် (၁/၂)ရေယာဉ်များ၊ နှစ်ထပ်ရေယာဉ်၊ တစ်ထပ်ရေယာဉ်၊ ကမ်းရိုးတန်းအမြန်ရေယာဉ်များဖြင့် သွားရောက်နိုင်ရန် စီစဉ်ထားရှိသည်။ ထို့ပြင် ပုသိမ်တံတားမှနေ၍ ချောင်းသာ၊ ငွေဆောင်လမ်းဆုံမှ မော်တော်ယာဉ်များဖြင့်လည်း တောင်ရိုးတောင်ကြောများ၏ သဘာဝအလှအပကို လေ့လာရှုစားရင်း မြတ်မော်တင်တောင်ခြေအရောက်သွားရောက်နိုင်ကြသည်။ ကမ်းခြေတစ်လျှောက်တွင် ပျော်ပွဲရွှင်ပွဲများ၊ ပင်လယ်ထွက်ကုန်ဈေးတန်းများ၊ တည်းခိုဆောင်များ၊ ကျန်းမာရေး၊ လုံခြုံရေး ပြည့်စုံစွာစီစဉ်ထားရှိကြောင်း သိရသည်။

(ပုသိမ်လှကြည်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၂ (တနင်္လာနေ့)

၇း၀၄	နိုင်ငံတော်သီချင်း
၇း၀၅	တရားတော်
၇း၃၀	အေးချမ်းသာယာ ပြည်မြန်မာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၂၅	လျှပ်တစ်ပြက်
၅း၀၀	၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက် အကူပြုသင်ခန်းစာ(သင်္ချာ)
၅း၃၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၈၁)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၅၃)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -Talk Of The Town -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၈)** -Mini Series

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမက(၈)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မမြတ်သွယ်ကိုအား ကျောင်းအုပ်ဆရာကြီး ဦးစန်းကျော် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ထမ်းများအနေဖြင့် ကျရာကဏ္ဍမှ အစွမ်းကုန် ကြိုးစားထမ်းဆောင်ကြမည်ဟုခံယူ အားသာချက်များကို ပိုကောင်းအောင်၊ အားနည်းချက်များ လျော့နည်းအောင်လုပ်ဆောင် ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် မိမိရော ဌာနပါ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရဝန်ထမ်းများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲဆုရစာပေပညာရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အချိန်သည် ၂၀၁၂ခုနှစ်၏ နှစ်သစ်အစဖြစ်၍ ဝန်ထမ်းများအနေဖြင့် စိတ်သစ်၊ လူသစ်၊ စွမ်းအားသစ်များဖြင့် တိုင်းပြည်အကျိုး၊ ဌာနအကျိုး၊ မိမိအကျိုးတို့ကို မျှမျှတတဖြစ်အောင် ဆောင်ရွက်ရမည်ဟု ခံယူလုပ်ဆောင်ကြရမည့် အခါသမယ ဖြစ်ကြောင်း။

သို့ပါ၍ ဝန်ထမ်းများအနေဖြင့် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးစားထမ်းဆောင်ကြမည်ဟု ခံယူပြီး လက်တွေ့ဘဝ၌လည်း အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နှစ်ဟောင်းက ရှိခဲ့သည့် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး အားသာချက်များကို ပိုကောင်းအောင် အားနည်းချက်များကို လျော့နည်းသွားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကောင်းသော ယှဉ်ပြိုင်ခြင်းဖြင့် မိမိရောဌာနပါ တိုးတက်အောင် ဆောင်ရွက်ကြရန် လိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း ဌာနတွင်းပြိုင်ပွဲများကျင်းပ၍ ဆုများချီးမြှင့်နိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ် တွေ့မြင်ရကြောင်း၊ ကောင်းသောယှဉ်ပြိုင်မှုအရ ဆုရရှိသူများအား အသိအမှတ်ပြုပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ နောင်နှစ်များတွင်လည်း ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ကြီးဌာနလုပ်ငန်းနှင့် ဆက်စပ်၍ ကောင်းသောယှဉ်ပြိုင်မှုများကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို ကြိုးပမ်းတည်ဆောက်နေသည့် ကာလဖြစ်ကြောင်း၊ ဝန်ထမ်းများအပါအဝင် ပြည်သူများ၏လိုလားချက်ဆန္ဒဖြစ်သော တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မိမိတို့မိသားစုတစ်ခုချင်း လူမှုစီးပွားဘဝတိုးတက်လာစေရန်၊ ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်နိုင်ရန်၊ တိုင်းပြည်၏ မည်သည့်ဒေသ၌မဆို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နေထိုင်နိုင်ကြရန်တို့ကို အခက်အခဲများကြားမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ပန်းခင်းသောလမ်းမဟုတ်ဘဲ ပြည်တွင်းပြည်ပ အဟန့်အတား အခက်အခဲများအကြားမှ ကြိုးပမ်းရုန်းကန်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းစဉ်များအောင်မြင်ရန် ဝန်ထမ်းများ အားလုံးက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူအားလုံးအကျိုးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ တက်ညီလက်ညီ အားလုံးပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန် စည်းရုံးဆောင်ရွက်ခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းဆောင်ရွက်နိုင်မှုကို ခြုံငုံသုံးသပ်ပါက ကျေနပ်အားရဖွယ် ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ဖွင့်လှစ်ပြီးစာကြည့်တိုက်ပေါင်း ၅၀၀၀၀ ကျော်အနက် ခိုင်မာရှင်သန်ပြီး စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်ပေါင်း ၃၂၅၈၂ တိုက် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ကျန်ရှိသည့် စာကြည့်တိုက်များကိုလည်း ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စာဖတ်ရှိန်မြှင့်တင်ရေး ၄၂ ပွဲနှင့် စာအုပ်လှူဒါန်းပွဲများ ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ အမှန်တကယ် စာဖတ်လာအောင် လုပ်ဆောင်သည့်အပိုင်းများကိုလည်း တက်တက်ကြွကြွဖြင့် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရာ၌ ဒေသဆိုင်ရာဌာနဆိုင်ရာ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်နှင့် အသင်းအဖွဲ့အစည်းများ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား၊ အား(၄)အားဖြင့် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ဒို့ကျေးရွာဂျာနယ်ကိုလည်း အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပိုမိုတိုးတက်မှုရှိအောင် စီမံမှုရှိရှိ၊ ခေါင်းဆောင်မှုရှိရှိ၊ Initiative ရှိရှိ ဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၁၂ ခုနှစ်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်ရမည့် ရည်မှန်းချက် တာဝန်များဖြစ်သည့်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ဆောင်ရွက်ရန်။

(၂) ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် မီဒီယာနည်းလမ်းဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်။

(၃) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

(၄) ဒို့ကျေးရွာဂျာနယ်ကို ကျေးလက်ပြည်သူများအား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများဖြင့် ဖြန့်ဝေပေးနိုင်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်အောင် ဆောင်ရွက်ရန်။

(၅) ကျေးရွာတိုင်းတွင် သတင်းစာဖတ်ရှုနိုင်ရေး၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ ဖမ်းယူကြည့်ရှု နားထောင်နိုင်အောင် ကူညီစည်းရုံးဆောင်ရွက်ပေးရန်။

(၆) ခရိုင်၊ မြို့နယ်ရုံးများက နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးရန်နှင့် ပြည်သူများ၏ ဆန္ဒ၊ သဘောထားများကို ပြန်လည်တင်ပြပေးရန်။

(၇) ဝန်ထမ်းများ၏အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းစွမ်းရည်များကို မြှင့်တင်ပေးရန်။

(၈) ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအောင်မြင်အောင် ပါဝင်ကူညီဆောင်ရွက်ရန်။

(၉) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဇောက်ချလုပ်ကိုင်၍ ဝန်ထမ်းများ သက်သာချောင်ချိရေးတို့တွင် ဆောင်ရွက်ရန်ဟူသည့် လုပ်ငန်းတာဝန်များကိုအောင်မြင်အောင် အစွမ်းကုန်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဝန်ထမ်းများအနေဖြင့် ဌာန၏လုပ်ငန်း၊ နိုင်ငံတော်၏ လုပ်ငန်းများ အောင်မြင်အောင် အသိစိတ်ဓာတ်ရှိရှိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်ကချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရ ကယားပြည်နယ် လွိုင်ကော်ခရိုင်မှ ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး၊ စံပြခရိုင်ရုံးဆုရ မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရုံးအတွက် မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်၊ စံပြမြို့နယ်ရုံးဆုရ ပင်လည်ဘူးမြို့နယ်ရုံးအတွက် ပင်လည်ဘူးမြို့နယ် ဦးစီးမှူး ဒေါ်အေးမြမွန်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် "ငြိမ်းငြိမ်းချမ်းချမ်း ရွာပါမိုး" စာမူဖြင့် ပထမဆုရ ဦးရွှေသိဏ်း(ရဲရင့်ကျော်)၊ "မိုးသက်မုန်တိုင်းစဲသောအခါ" စာမူဖြင့် ဒုတိယဆုရ ဦးခင်မောင်ရွှေ (တောမြင့်မြေ၊ ကျွန်းလှယဉ်)နှင့် "ပွင့်တူရွက်တူ"စာမူဖြင့် တတိယဆုရ ဦးရဲဝင်း(ရဲမြတ်တင်) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ၂၀၁၁ ခုနှစ်အတွင်း ရုံးစာကြည့်တိုက်တွင် စာအုပ်၊ စာစောင်တိုးပွားရေး ဆောင်ရွက်နိုင်မှု ပထမဆုရ လပွတ္တာခရိုင်အတွက် ဦးစီးအရာရှိ ဒေါ်မာလာဝင်း၊ ဒုတိယဆုရ သရက်ခရိုင် မင်းလှမြို့နယ်အတွက် မင်းလှမြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါလွင်နှင့် တတိယဆုရ မံစီမြို့နယ်အတွက် မံစီမြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးဖြိုးကြိုင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ၂၀၁၁ ခုနှစ် အတွင်း ဒို့ကျေးရွာဂျာနယ်အများဆုံးဖြန့်ဝေနိုင်မှုတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ ၂၀၁၁ ခုနှစ်အတွင်း ကျေးရွာများသို့ သတင်းစာအများဆုံးဖြန့်ချိနိုင်မှုတွင် ပထမ၊ ဒုတိယနှင့်တတိယဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်း ၂၄၈၈ ဦးတို့အတွက် ထောက်ပံ့ငွေများကို ရုံးချုပ်စီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်မောင်အားပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ၂၀၁၁ ခုနှစ်အတွက် ငွေစာရင်းစီမံခန့်ခွဲနိုင်မှုတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ စာပေထူးချွန်ဆု၊ အနုပညာထူးချွန်ဆုနှင့် အားကစားထူးချွန်ဆုရရှိကြသူများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ဒို့ကျေးရွာ အလှရှုမဝဌာနတွင်း ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့ ပို့စကတ်နှင့် သဝဏ်လွှာတွင် ဓာတ်ပုံဖော်ပြခြင်း ခံရသူများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ၂၀၁၁ ခုနှစ် ဌာနခွဲအလိုက် စံပြဝန်ထမ်းဆု၊ စိုက်ပျိုးရေးဆုနှင့် ပညာရည်ထူးချွန်ဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ ကိုယ်စား မွန်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နိုင်ငံတော်ကချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရ ကယားပြည်နယ် လွိုင်ကော်ခရိုင်မှ ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၂ (တနင်္လာနေ့)

[၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၀၀ ၂။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈:၁၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၅ ၄။ "နှောင်းနောင်တ"
- ၈:၄၀ ၅။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၃၀ ၂။ ၂၀၁၂ခုနှစ်၊တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူ ပြုဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်စာဘာသာရပ်)
- ၅:၁၀ ၃။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၄။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၂၀ ၅။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၅)
- ၇:၅၀ ၇။ "ရောတစ်ခွင်လူမှု စီးပွားဆတိုးများ မအူပင်နှင့်ဒေးဒရဲတံတား"
- ၈။ ကမ္ဘာကျော် သရုပ်ဆောင်များ
- ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား"(အပိုင်း-၂၆)
- ၁၀။ အိန္ဒိယရုပ်ရှင် "နောင်ဘဝတိုင်" (ဇာတ်သိမ်းပိုင်း)

အရက်သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ရေး ဒဗလျူအိတ်ချ်အိုကို ကျွမ်းကျင်သူပညာရှင်များ တိုက်တွန်း

ဂျီနီဗာ ဖေဖော်ဝါရီ ၁၉

တစ်ကမ္ဘာလုံးအတိုင်းအတာအရ သတ်မှတ်ရမည့် အရက်သောက်ခွင့်ရှိသည့် အရွယ်ကန့်သတ်ချက်အပါအဝင်ဖြစ်သော အရက်သေစာသောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အဖွဲ့ဝင် နိုင်ငံ ၁၉၄ နိုင်ငံလုံးအတွက် ချမှတ်ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) အား ကျွမ်းကျင်သူပညာရှင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် တိုက်တွန်းခဲ့ကြသည်။

အရက်သေစာ သောက်သုံးမှုနှင့် ဆက်နွယ်၍ ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ် လူပေါင်း ၂ ဒသမ ၅ သန်းကျော် သေဆုံးလျက်ရှိရာ ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)၊ ငှက်ဖျားသို့မဟုတ် အဆုတ်ရောဂါကြောင့် သေဆုံးရသူများထက် ပိုမိုများပြားနေကြောင်း ကျွမ်းကျင်သူတို့က ပြောကြားခဲ့သည်။

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ရှိသော အလယ်အလတ်ဝင်ငွေရှိသည့် လူတန်းစားများအတွက် အယ်လ်ကိုဟောသည် ကျန်းမာရေးဆိုင်ရာ အဓိကပြဿနာ တစ်ရပ်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ အယ်လ်ကိုဟောကို ကျန်းမာရေးပြဿနာများ ပေါ်ပေါက်စေသည်အထိ အလွန်အကျွံသုံးစွဲမှုများ များပြားလာခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသေးစိတ် အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းအပြင် အယ်လ်ကိုဟောနှင့် ဆက်နွယ်သော သေဆုံးမှုများအား လျှော့ချနိုင်ရန်အတွက် ဒဗလျူအိတ်ချ်အိုက အကြံဉာဏ်များပြုထားသော်လည်း လုံလောက်မှုမရှိသေးကြောင်း အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ ကျန်းမာရေးဆိုင်ရာမူဝါဒကျွမ်းကျင်သူ ဒေဝီဆရီဒါက ပြောကြားခဲ့သည်။

စည်းမျဉ်းများချမှတ်သင့်

ဒဗလျူအိတ်ချ်အိုအနေဖြင့် အယ်လ်ကိုဟောသောက်သုံးမှု ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တစ်ကမ္ဘာလုံး အတိုင်းအတာအရ အကျုံးဝင်ပြီး အာဏာသက်ရောက်မည့် စည်းမျဉ်းများချမှတ်သင့်ကြောင်း ဒေဝီဆရီဒါက တိုက်တွန်းခဲ့သည်။

အယ်လ်ကိုဟော အလွဲသုံးစွဲမှုအတွက် ပေးဆပ်ရမည့်တန်ဖိုးမှာ အသေစောခြင်းသာဖြစ်ပြီး နှလုံးသွေးကြောရောဂါများ၊ အသည်း ခြောက်ရောဂါ၊ ကင်ဆာရောဂါ အမျိုးမျိုးမှသည် ရာဇဝတ်မှုနှင့် ယာဉ်မတော်တဆဖြစ်ရပ်များအထိ အယ်လ်ကိုဟောအလွဲသုံးမှုနှင့် ဆက်နွယ်မှုရှိသည်။ ***အင်တာနက်။***

ဘော့ဘာအန်ဂျီဒါသဘာဝဥယျာဉ်အတွင်း၌ ဆင်အုပ်တစ်အုပ်ကို တွေ့ရစဉ်။

ကင်မရွန်းတွင် ဆင်များရာနှင့်ချီ၍ အသတ်ခံနေရ

ရအွန်ဒီ ဖေဖော်ဝါရီ ၁၉

ကင်မရွန်းနိုင်ငံမြောက်ပိုင်း အမျိုးသားသဘာဝဥယျာဉ် တစ်ခုအတွင်း၌ ဆင်ကောင်ရေ ၂၀၀ ခန့် သတ်ဖြတ်ခံခဲ့ရကြောင်း၊ ယင်းအရေအတွက်သည် အဆိုပါ သဘာဝဥယျာဉ်အတွင်းရှိ ဆင်ကောင်ရေစုစုပေါင်း၏ သုံးပုံတစ်ပုံဖြစ်ပြီး သတ်ဖြတ်မှုများကို ကျူးလွန်နေကြဆဲဖြစ်ကြောင်း သဘာဝသားရဲတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖော်ပြသည်။

အတားအဆီးမရှိသတ်ဖြတ်

ဆူဒန်နိုင်ငံမှ အမဲလိုက်ဂိုဏ်းတစ်ဂိုဏ်းသည် ကင်မရွန်းနိုင်ငံမြောက်ပိုင်း ချဒ်နိုင်ငံနှင့် နယ်စပ်အနီးရှိ ဘော့ဘာအန်ဂျီဒါ အမျိုးသားသဘာဝဥယျာဉ်အတွင်းမှ ဆင်များကို အတားအဆီးမရှိ သတ်ဖြတ်ခဲ့ကြောင်း နိုင်ငံတကာတိရစ္ဆာန်များ စောင့်ရှောက်ရေးရန်ပုံငွေ (အိုင်အက်ဖ်အေဒဗလျူ)က ပြောသည်။

ဆူဒန်နိုင်ငံမှ လက်နက်ကိုင် အမဲလိုက်သမားများသည် ဆင်များကိုသတ်ဖြတ်၍ အစွယ်ကိုရယူရန်အတွက် ခြောက်သွေ့သော ပွင့်လင်းရာသီတွင် ကင်မရွန်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြခြင်းသည် လုပ်ရိုးလုပ်စဉ်တစ်ခုသဖွယ် ဖြစ်နေသည်ဟု တိရစ္ဆာန်ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဗြိတိန်၊ ပြင်သစ်၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က သတိပေးပြောကြားခဲ့ပြီး သတ်ဖြတ်မှုများ ရပ်ဆိုင်းသွားစေရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်ရန် ကင်မရွန်းအာဏာပိုင်များကို တောင်းဆိုထားကြသည်။

ထိုပြဿနာ၏အဖြေသည် အထူးသဖြင့် အာရှမှ ဆင်စွယ်ဝယ်ယူခြင်းကို ရပ်ဆိုင်းရန်နှင့် စီးပွားဖြစ် အမဲလိုက်ဂိုဏ်းများကို တန်ပြန်ရင်ဆိုင်ရန်လိုအပ်သော ကျွမ်းကျင်မှုနှင့် လက်နက်ကိရိယာများ ထောက်ပံ့ရန်ဖြစ်သည်။ **အင်တာနက်။**

အမျိုးသမီး နင်ဂျာ ကိုယ်ခံပညာရှင်များ အီရန်၌ လေ့ကျင့်ပေးနေ

တီဟီရန် ဖေဖော်ဝါရီ ၁၉

အီရန်နိုင်ငံ တီဟီရန်မြို့တော် မြို့ပြင်ရှိ သင်တန်းကျောင်းတစ်ခု၌ အီရန်အမျိုးသမီး ၃၀၀၀ မျှတို့ကို နင်ဂျာ(NinJa) ကိုယ်ခံပညာရှင် တိုက်ခိုက်ရေးစစ်သည်တော်များအဖြစ် လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ နင်ဂျာကိုယ်ခံပညာ တိုက်ခိုက်ရေးသင်တန်းကျောင်းကို အီရန်နိုင်ငံသား နင်ဂျာကိုယ်ခံပညာရှင် အက္ကဘာ ဖာရာဂျီက လွန်ခဲ့သော ၂၃ နှစ်ခန့်က တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

ယင်းသင်တန်းကျောင်း၌ တက်ရောက်လျက်ရှိသော အီရန်အမျိုးသမီးများသည် ဂျပန်လူမျိုးတို့၏ ရိုးရာကိုယ်ခံပညာရပ်ဖြစ်သည့် နင်ဂျာအတတ်ပညာများအား သင်ယူလျက်ရှိပြီး ဓားရေးအတတ်ပညာများကိုလည်း အခါအားလျော်စွာ သင်ယူနေကြရကြောင်း သိရသည်။

ဟောလီဝုဒ် ရုပ်ရှင်ပြကွက်များပမာ အချို့သောသင်တန်းသူ အီရန်အမျိုးသမီးများသည် မတ်စောက်သည့် နံရံများပေါ် ပြေးလွှားတက်ဆင်းနိုင်စွမ်းရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ နင်ဂျာကိုယ်ခံပညာရှင် အီရန်အမျိုးသမီးများသည် အမိနိုင်ငံအား ကာကွယ်ရေးအတွက် အသင့်ပြင်ဆင်နေကြခြင်းဖြစ်ကြောင်း သင်တန်းတာဝန်ခံ အက္ကဘာ ဖာရာဂျီက ပြောကြားခဲ့သည်။

အမိနိုင်ငံအား ကာကွယ်ရေးအတွက် အသက် ငါးနှစ်မှ ၅၆ နှစ်အကြား အီရန်အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်မှုများကို မြှင့်တင်ပေးရန် အီရန်နိုင်ငံသားတစ်ဦးအနေဖြင့် မိမိတွင် တာဝန်ရှိကြောင်း ဖာရာဂျီက ပြောကြားခဲ့သည်။

နင်ဂျာအတတ်ပညာများ သင်ယူနေသော အီရန်အမျိုးသမီးများကို တွေ့ရစဉ်။

၁၉၇၉ ခုနှစ် အစ္စလာမ့်တော်လှန်ရေးအပြီးကာလများ၌ အီရန်နိုင်ငံနှင့် ရန်သူတော်အစ္စရေးနိုင်ငံတို့အကြား တင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ ယင်းအမျိုးသမီးများသည် အမိနိုင်ငံအား ကာကွယ်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဖာရာဂျီက ဆိုသည်။

အင်တာနက်။

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲ၍ ရှစ်ဦးသေဆုံး လေးဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာဒေသတွင် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူရှစ်ဦးထက်မနည်း သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ထုတ်လွှင့်ခဲ့

ယင်းဗုံးပေါက်ကွဲမှုသည် ခိုင်ဘာဒေသ တီရတ်ဗယ်လီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ဒေသခံရုပ်မြင်သံကြား ချန်နယ်က ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဗုံးဖောက်ခွဲမှုသည် အစိုးရအားထောက်ခံသော ငြိမ်းချမ်းရေးလှုပ်ရှားမှုဆောင်ရွက်သူ ဒေသခံတစ်ဦးအား ပစ်မှတ်ထား၍ ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၈ ရက်ညမှစ၍ စစ်သွေးကြွများနှင့် ငြိမ်းချမ်းရေးသမားများအကြား တိုက်ပွဲများနှင့် ပဋိပက္ခများ စတင်ဖြစ်ပွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၇ ရက် နံနက်စောစောပိုင်းက ခိုင်ဘာဒေသရှိ စစ်သွေးကြွများ ပုန်းအောင်းနေထိုင်ရာသို့ ပါကစ္စတန်စစ်ဘက်က လက်နက်အပြည့်အစုံတပ်ဆင်ထားသော ရဟတ်ယာဉ်များဖြင့် စတင်တိုက်ခိုက်ခဲ့ကြရာ စစ်သွေးကြွငါးဦး သေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ။**

အီရတ်ရဲသိပ္ပံ အသေခံဗုံးခွဲတိုက်ခိုက်ခံရ ရဲသင်တန်းသား ၁၈ ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ရဲသိပ္ပံကျောင်းဝင်းမှ ရဲသင်တန်းသား သစ်များအပြင်ထွက်လာစဉ် အသေခံကားဗုံးခွဲ တိုက်ခိုက်ခံရသဖြင့် ၁၈ဦးသေဆုံးကြောင်း တနင်္ဂနွေနေ့ အေပီသတင်းတွင် ဖော်ပြ သည်။

မြို့တော်အရှေ့ပိုင်း ပြည်ထဲရေးဝန်ကြီးဌာနရုံးချုပ်အနီးရှိ ရဲသိပ္ပံကျောင်း၏ အပြင်ဘက်လမ်းပေါ်တွင် အသေခံဗုံးခွဲသမားက စောင့်ဆိုင်းနေခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ညနေပိုင်းအချိန်တွင် ကျောင်းဝင်း၏ လုံခြုံရေးအတားအဆီးများကိုဖြတ်သန်း၍ သင်တန်းသားအသစ် အုပ်စုတစ်စု လမ်းပေါ်သို့ လမ်းလျှောက်ထွက်လာကြရာ ယင်းအုပ်စုအတွင်းသို့ ဗုံးခွဲသမားက ၎င်း၏ကားကိုမောင်းဝင်၍ ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူများအားလုံးမှာ ရဲအရာရှိများနှင့် ရဲသင်တန်းသားအသစ်များဖြစ်ကြ၍ ၂၇ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

ဆေးရုံမှ တာဝန်ရှိသူများက သေဆုံးသူအရေအတွက် မှန်ကန်ကြောင်း အတည်ပြုသည်။

အင်တာနက်။

ဆီးနှင်းဖုံးလွှမ်းခံရသောကားအတွင်း နှစ်လကြာပိတ်မိခဲ့သူ ဆွီဒင်အမျိုးသား အသက်ရှင်လွတ်မြောက်

စတော့ဟုမ်း ဖေဖော်ဝါရီ ၁၉

တောလမ်းတစ်ခုပေါ်၌ မော်တော်ယာဉ်ကို ဆီးနှင်းခဲများ ဖုံးလွှမ်းခဲ့ရပြီးနောက် အစာမစားရဘဲ နှစ်လကြာမျှ ပိတ်မိနေခဲ့ရသည့် ဆွီဒင်နိုင်ငံသားတစ်ဦးအား အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဆွီဒင်ရဲတပ်ဖွဲ့နှင့် ဒေသန္တရသတင်းမီဒီယာများက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အသက်ပြင်းလှသည့် အသက် (၄၅)နှစ်အရွယ် အဆိုပါ အမျိုးသားကို ဆွီဒင်နိုင်ငံတောင်ပိုင်းတွင် ရှာဖွေကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်ပြီး တွေ့ရှိစအချိန်၌ ၎င်းသည် ဖြူဖပ်ဖြူရော်ဖြင့် လွန်စွာအားနည်းနေပြီး လေသံသဲ့သဲ့မျှသာ ထွက်နိုင်တော့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပိတ်မိခဲ့ခြင်းဖြစ်

ယင်းဆွီဒင်အမျိုးသားသည် ဆီးနှင်းများဖုံးလွှမ်းနေသော မော်တော်ယာဉ်အတွင်း ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၉ ရက်မှစ၍ ပိတ်မိခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အဘယ်ကြောင့် ပိတ်မိခဲ့ရသည်ဟူသော အကြောင်းရင်းကို မသိနိုင်သေးကြောင်း ဆွီဒင်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့် လူတစ်ဦးသည် အစာရေစာမစားသောက်ဘဲ ရက်သတ္တလေးပတ်မျှ အသက်ရှင်သန်နိုင်စွမ်းရှိသည်။

ဆောင်းခိုသည့်အလေ့အထ

သို့ရာတွင် အဆိုပါအမျိုးသားသည် မော်တော်ယာဉ်အတွင်း ပိတ်မိနေစဉ် နှင်းခဲများကို စားသုံးခြင်းအပြင် အအေးပိုင်းဒေသနေ တောရိုင်းသတ္တဝါများ၏ ဆောင်းခိုသည့်အလေ့အထမျိုးဖြင့် နေထိုင်ခဲ့ခြင်းကြောင့် နှစ်လကြာမျှအထိ အသက်ရှင်ခဲ့ရခြင်းဖြစ်ဖွယ်ရှိကြောင်း ဆေးပညာရှင်တစ်ဦးက သုံးသပ်ခဲ့သည်။

ယင်းအမျိုးသားသည် ကိုယ်ခန္ဓာအတွက် လိုအပ်သော အပူချိန်မျှခြေဖြစ်သည့် ၃၁ ဒီဂရီဆဲလ်စီးယပ်စ် ဝန်းကျင်ကို ထိန်းထားနိုင်ခဲ့ဖွယ်ရှိကြောင်း၊ ယင်းအပြင် အပူချိန်နိမ့်ဆင်းမှုကြောင့် ဇီဝစွမ်းအင်ကုန်ခန်းမှုလည်း များပြားခဲ့ဖွယ်မရှိကြောင်း ဆေးပညာရှင်များ၏အဆိုအရ သိရသည်။ ***အင်တာနက်။***

ဆွီဒင်နိုင်ငံသား အမျိုးသား နှစ်လကြာပိတ်မိနေခဲ့သော ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

တက္ကသိုလ်ဝင်စာမေးပွဲသည် တစ်ခုတည်းသော နိုင်ငံတော်အဆင့်စာမေးပွဲဖြစ်

တရားမျှတရန်၊ စည်းကမ်းရှိရန်၊ မသမာမှုကင်းရန် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၅) ဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၁၂ ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ နယ်မြေဒေသအသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍကနေ မိမိတို့ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက်ပါဝင်လုပ်ကိုင်ကြရန် မှာကြားလိုကြောင်း၊ ပညာရေးဝန်ထမ်းများ အရည်အသွေးမြင့်မားလာစေရေးနှင့် နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်း ဖြစ်လာစေရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကလေးဗဟိုပြုသင်ကြားနည်းဖြင့်သင်ကြားရန်၊ အင်္ဂလိပ်စာစကားကို ဂရုပြုသင်ကြားရန်၊ အကျင့်စာရိတ္တ ယဉ်ကျေးသိမ်မွေ့သူများဖြစ်လာအောင် သင်ကြားရန်၊ ကျန်းမာရေးဗဟုသုတရရှိရေး၊ စိုက်ပျိုးရေးသဘောတရား နားလည်စေရေး သင်ကြားရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု အလေ့အထများစွဲမြဲစေရန် သင်ကြားပေးရမည်ဖြစ်ပြီး ဆရာ ဆရာမများကိုယ်တိုင် အရည်အသွေးမြင့်နေစေရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်ကကြီးမှူးကျင်းပသည့် တစ်ခုတည်းသော နိုင်ငံတော်အဆင့်စာမေးပွဲ (National Examination) ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေးရခြင်းနှင့် ပတ်သက်သည့် တရားမျှတရန်၊ စည်းကမ်းရှိရန်၊ မသမာမှုကင်းရန်ဟူသော ရည်ရွယ်ချက်(၃)ရပ် ပြည့်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း၊ တရားမျှတပြီး စည်းကမ်းကျနကာ မသမာမှုကင်းသည့် စာမေးပွဲကြီးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရင်းနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ (National Character) ကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြပါရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ အခြေခံစာတတ်မြောက်ရေးစီမံချက်နှင့်အညီ နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်များတွင် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပညာရေးဝန်ထမ်းများက ဦးစီးလျက် စာတတ်မြောက်ရေးအကောင်အထည်ဖော်နေမှုများကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ၂၀၁၅ ခုနှစ်အတွက် တစ်နိုင်ငံလုံး၏ မျှော်မှန်းအခြေခံစာတတ်မြောက်မှုနှုန်းဖြစ်သည့် ၉၅ ဒသမ ၅ ရာခိုင်နှုန်းကို ကျော်လွန်အကောင်အထည်ဖော်နိုင်ရန်ကိုလည်း ရည်မှန်းပြီး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြပါရန် မှာကြားတိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ အုပ်ချုပ်မှုစနစ်ကောင်းမွန်သည့် (Good Governance) အစိုးရကောင်းတစ်ရပ်ဖြစ်ပေါ်ပြီး သန့်ရှင်းသည့်အစိုးရ (Clean Government) ဖြစ်ရန်ဆောင်ရွက်ရာမှာ ကောင်းမွန်ပြီးစီမံခန့်ခွဲမှု ထူးခြားသည့်စံများ ရရှိအောင် ကျရာကဏ္ဍမှ ပါဝင်ကြိုးစားဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို တရားမျှတပြီး စည်းကမ်းကျနကာ မသမာမှုကင်းသည့် စာမေးပွဲကြီးဖြစ်ရေးအတွက် ကျရာကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ၂၀၁၂ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်ကာ သင်တန်းဆင်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၅)တွင် ထူးချွန်ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သိရိရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အစည်းအဝေးကို စတင်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အထွေထွေအတွင်းရေးမှူး ဒေါ်မြမြက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အမျိုးသမီးများ ဖွံ့ဖြိုးမှုဘဝလုံခြုံမှုအတွက် တစ်နှစ်တာဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်းသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက အစီအစဉ်အတိုင်း မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ အလှည့်ကျသဘာပတိများက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

❍ ယူကရိန်းမှ

၁၂ ချိမပြည့်မီ ပွဲသိမ်းလိုသည့် စိတ်ဆောနေမှုကြောင့် မိမိ၏ထိုးကွက်များမှာလည်း ကမောက်ကမဖြစ်ခဲ့ရကြောင်း အသက် (၄၀) အရွယ် ယူကရိန်းလက်ဝှေ့ကျော်က ပြောကြားခဲ့သည်။

ယခုပွဲရှုံးနိမ့်မှုသည် မိမိအတွက် အတွေ့အကြုံတစ်ရပ်ဖြစ်ပြီး ရှုံးနိမ့်မှုကြောင့် စိတ်ပျက်အားလျော့သွားမည် မဟုတ်ဘဲ မကျေပွဲထပ်မံဆင်နွှဲလိုကြောင်း အသက် ၂၈ နှစ်အရွယ် ဗြိတိသျှလက်ဝှေ့သမား ဒါးရက်ခ်ဆိုချီရာက ဖွင့်ဟခဲ့သည်။

ယူကရိန်းလက်ဝှေ့သမား ကလစ်ရှ်ကိုသည် အရပ်အမောင်း ခြောက်ပေနှင့် ခုနစ်လက်မရှိပြီး စိန်ခေါ်သူ ဆိုချီရာမှာ ခြောက်ပေနှင့်တစ်လက်မရှိရာ ဝိတ်တန်းတူသော်လည်း အရပ်အမောင်းကွာခြားသည်။

ဂျာမနီအခြေစိုက် ဟဲဗီးဝိတ်ချန်ပီယံ ကလစ်ရှ်ကိုသည် ၎င်း၏ ထိုးသက်တစ်လျှောက်လုံး ၄၄ ပွဲ အနိုင်ရခဲ့ပြီး နှစ်ပွဲ ရှုံးနိမ့်ခဲ့ဖူးသည်။ ယခုချန်ပီယံကာကွယ်ပွဲသည် ၎င်းအတွက် ၄၁ ပွဲမြောက် ဆက်တိုက်အနိုင်ယူနိုင်သည့်ပွဲ ဖြစ်သည်။

အင်တာနက်။

✳ အမြင်အာရုံမှ

ပတ်သက်၍ စိတ်ကူးယဉ်ရသော အချိန်ပိုရသောကြောင့် ဖြစ်ကြောင်း၊ အဆိုးဆုံးအခြေအနေတစ်ခုမှာ ညစာစားပွဲများတွင် မိတ်ဆွေအပေါင်းအသင်းများကို သဲသဲကွဲကွဲ မမြင်ရခြင်းပင် ဖြစ်ကြောင်း ပြောကြားသည်။

မင်းသမီးကြီးဂျူဒီဒန့်ချ်သည် ၁၉၉၈ ခုနှစ်က Shakespeare in Love ဇာတ်ကားတွင် ပထမမြောက် အယ်လိဇဘတ် ဘုရင်မကြီးအဖြစ် သရုပ်ဆောင်ခဲ့ရာ အော်စကာဆု ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။ ဂျူဒီ၏ နောက်ဆုံး သရုပ်ဆောင်ထားသော ဇာတ်ကားမှာ The Best Exotic Marigold Hotel ဖြစ်ပြီး သူမ၏ သတ္တမမြောက် ဂျိန်းစ်ဘွန်းဇာတ်ကား Skyfall ကို ယခုနှစ်နှောင်းပိုင်းတွင် ဖြန့်ချိသွားမည်ဖြစ်သည်။ ***အင်တာနက်။***

ဗုဒ္ဓဘာသာဆိုတာဘာလဲစာအုပ် ထုတ်ဝေ



သိရီပဝရဓမ္မာစရိယ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တ သုစိတ္တ(M.A) စိစစ်တည်းဖြတ်ပြီး မောင်မောင်သိန်း (သုတေသီ)ပြုစုရေးသားသည့် ဗုဒ္ဓဘာသာဆိုတာဘာလဲ (အကျဉ်း) [ထေရဝါဒ(တောင်ပိုင်း)ဗုဒ္ဓဘာသာ]စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဗုဒ္ဓဘာသာသည် ပိဋကသုံးပုံ၊ ဗုဒ္ဓဘာသာသည် ဓမ္မစကြာတရားတော်၊ ဗုဒ္ဓဘာသာသည် သစ္စာလေးပါးတရားတော်၊ ဗုဒ္ဓဘာသာသည် မဂ္ဂင်ရှစ်ပါးတရားတော် စသည်တို့ကို ဗုဒ္ဓဘာသာဆိုတာဘာလဲ သိလိုသူများအတွက် လိုရင်းကို အချိန်တိုတိုအတွင်း သိနိုင်အောင် အကျဉ်းချုပ်ထုတ်နုတ်ပြုစုထားခြင်းဖြစ်ပြီး စာအုပ်တန်ဖိုး ကျပ် ၆၀၀ ဖြင့် ရန်အောင်စာပေ အထက(၁) ရန်ကင်းကျောင်းရှေ့ ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၃၂၄၃၈၅၁ နှင့် ၀၉-၇၃၂၂၃၄၂၁ က ထုတ်ဝေဖြန့်ချိထားသည်။

ဟံသာဝတီကို စိန်ခေါ်သူများစာအုပ် ထွက်ရှိ

ဆရာကောင်းထက်ရေးသားသော သမိုင်းနောက်ခံရသဝတ္ထုဖြစ်သည်။ ယခုခေတ်တွင် ဖတ်ရခဲသော ဝတ္ထုမျိုးပင်။ သူငယ်ချင်း၊ မိတ်ဆွေရင်းချာပင် ဖြစ်စေကာမူ မိမိသစ္စာခံသော နိုင်ငံအတွက်၊ လူမျိုးအတွက် အသက်စွန့်တိုက်ပွဲဝင်ကြပုံ၊ သူရဲကောင်းနှစ်ဦး၏ သူရဲကောင်းစိတ်ဓာတ်နှင့် အချစ်ဇာတ်လမ်းကို ရေးဖွဲ့ထားသည်မှာ စာဖတ်သူတို့အတွက် စွဲမက်စရာပင်။ သမိုင်းနောက်ခံရသဝတ္ထုကို ကြိုက်နှစ်သက်သူတို့အဖို့ ဖတ်ရမည့်စာအုပ်တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ကို မိုးကျော်သူစာပေ ဖုန်း-၃၈၄၂၁၉ မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ချိပေးနေသည်။

ဘဝအတွေ့အကြုံမှ သိမှတ်ဖွယ်ရာနှင့် အခြားဆောင်းပါးစာစုများစာအုပ် ထုတ်ဝေ

ဆရာကြီး ဦးအေးမောင်(ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်းပြု)၏ ဘဝအတွေ့အကြုံမှ သိမှတ်ဖွယ်ရာနှင့် အခြားဆောင်းပါးစာစုများစာအုပ်ကို ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆရာကြီး ဦးအေးမောင်၏ ဘဝအတွေ့အကြုံမှ သိမှတ်ဖွယ်ရာအပါအဝင် မြန်မာလူမျိုးကို ခင်မင်လေးစားသော ဗြိတိသျှစာရေးဆရာများ၊ လူငယ်များ အင်္ဂလိပ်စာတတ်မြောက်ရန်၊ သိပ္ပံပညာ မဖြေရှင်းနိုင်သော ပြဿနာများ၊ ဗုဒ္ဓဝါဒနှင့် စဉ်းစားဝေဖန်မှု၊ လူ့ဘဝ၏အဓိကပြဿနာတို့ မြင်နိုင်သလော၊ တန်ခိုးဣဒ္ဓိရှင်အကြောင်း သိကောင်းစရာ ဆောင်းပါးကောင်းများကို ပြန်လည်စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

ယင်းစာအုပ်ကို တန်ဖိုး ကျပ် ၁၅၀၀ ဖြင့် ရန်အောင်စာပေ အထက(၁) ရန်ကင်းကျောင်းရှေ့ ရန်ကင်းမြို့နယ်က ထုတ်ဝေဖြန့်ချိထားသည်။

ဓမ္မရိပ်မဂ္ဂဇင်းအတွဲ(၅) အမှတ်(၂) ဖေဖော်ဝါရီလ ထွက်ပြီ



အမှတ်တရအဖြစ် သိပ္ပံမောင်ဝ၏ ‘ရွှေကျင်ဆရာတော်’၊ အောင်သင်း၏ ‘အာရှအလင်း’၊ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ ‘ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ခရီးကြမ်း (နောက်ဆုံးပိုင်း)’၊ မြဝင်း၏ ‘မှတ်ဖွယ်မှတ်ရာ ထိုထိုစာ (၁၅)ပါ’၊ ‘ဆရာထင်လင်း၏ ‘စိတ္တံ နကမ္ပတိ’၊ မောင်ဇေယျာ၏ ‘အမရပူရ မင်္ဂလာတိုက်ပောင်း မိုးကုတ်ဆရာတော် ရှင်ဝိမလ’၊ မောင်ရန်ပိုင်၏ ‘မိခင်စိတ်ထားနဲ့ လူသား’၊ ကိုဝင်း(အမ်ဘီအေ)၏ ‘အနာဂတ်အတွက် အလင်းတစ်စက်’ စသည်ဖြင့် ဖတ်ညွှန်းပြုလိုက်သည့်အပြင် သတင်း၊ ဓမ္မဒေသနာ၊ ဘာသာရေးအတွေးအမြင်၊ ဓမ္မသာကစ္ဆာ၊ သုတေသန၊ ကဗျာ၊ ဘာဝနာ၊ အင်တာဗျူး၊ ဟာသတို့နှင့် သုတရသ စုံလင်လှပါသည်။

▲ ဆိတ်များမှ

အုပ်စုလေးခုနှင့် တခြားဆိတ်များနှင့် အုပ်စုဖွဲ့သည့် အသက်အရွယ်တူငါးလသား ဆိတ်ကလေးများ၏ အော်သံများကို အသံသွင်းစက်ဖြင့် ဖမ်းယူခဲ့ကြသည်။

ယင်းအော်သံများကို လေ့လာသုတေသနပြုသည့်အခါ မျိုးရိုးဗီဇတူဆိတ်ကလေးများသည် ဆင်တူသော အသံများထွက်ဆိုကြကြောင်းနှင့် အုပ်စုတစ်ခုတည်း အတူကျက်စားပြီး ကြီးပြင်းလာသည့် ဆိတ်ကလေးများ၏ အသံများမှာ ပိုမိုဆင်တူကြောင်း ဖော်ထုတ်တွေ့ရှိသည်။

ယင်းတွေ့ရှိချက်အရ ဆိတ်ကလေးများသည် ၎င်းတို့၏ ပတ်ဝန်းကျင်အနေအထားပေါ် မူတည်၍ ဆင်တူသော အသံများထွက်ဆိုပြီး ယင်းအသံများကို အဓိပ္ပာယ်ဖွင့် ခွဲခြားနားလည်သည်ဟု ယူဆရကြောင်း သုတေသီ ဒေါက်တာ အီလိုဒိုင်းဘရိပ်ဖားက ပြောကြားသည်။

ဘရိပ်ဖားက သူမနှင့်သူမ၏ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် တခြားနို့တိုက်သတ္တဝါများက စကားသံဖွဲ့ဆိုနိုင်ခြင်းရှိ၊ မရှိ မသိရှိကြောင်း ပြောကြားသော်လည်း ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ ဆိတ်များ၏ အော်သံများသည် တခြားနို့တိုက်သတ္တဝါအားလုံး၏ အော်သံများထက် အပြန်အလှန်ဆက်သွယ်မှု ပိုမိုပြုလုပ်နိုင်သည်ဟု ယူဆကြောင်း ပြောကြားသည်။ ***အင်တာနက်။***

မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်အတွက် စင်းခန်းတံတားဖွင့်လှစ် နိုင်ငံတော်အစိုးရသစ်လက်ထက် (၁၁)စင်းမြောက်တံတားကြီးဖြစ်

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

၂-၂-၂၀၁၂(ကြာသပတေးနေ့)

မြန်မာ့လေကြောင်းလိုင်းမှ ဂျက်လေယာဉ်ကြီးသည် ရန်ကုန်မှ နေပြည်တော် - မန္တလေး - ဗန်းမော်- မြစ်ကြီးနားခရီးသည်များကို တင်ဆောင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၇ နာရီတွင် စတင်ပျံသန်းခဲ့ရာ ခရီးစဉ်အမှတ်(၃) ဖြစ်သည့် ဗန်းမော်လေဆိပ်သို့ နံနက် ၁၀ နာရီခန့်တွင် ဆိုက်ရောက်ခဲ့သဖြင့် လေယာဉ်ပေါ်က ဆင်းခဲ့ကြသည်။

ဗန်းမော်သို့ ရောက်သော်လည်း ကျွန်တော်တို့၏ ခရီးစဉ်က မဆုံးသေး။ ဗန်းမော်သဘော်ဆိပ်မှ ရုပ်ပြေးယာဉ်ခေါ် မော်တော်ငယ်တစ်စင်းဖြင့် ဧရာဝတီမြစ်အတိုင်း စုန်ဆင်း၍ စင်းခန်းကျေးရွာသို့ ခရီးဆက်ရပြန်သည်။

သွားရမည့်ခရီးစဉ်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ။

သွားရမည့်အကြောင်းက ဧရာဝတီတံတား(စင်းခန်း)ဖွင့်ပွဲ။

ဗန်းမော်၏ မူလသမိုင်းစဉ်တွင် မန်မော်ဟူ၍ဖြစ်သည်။ ဗန်းမော်မြို့သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ရှေးယခင်က မြစ်ကမ်းတစ်လျှောက် လေးမိုင်ခန့်ရှည်လျားသည့် အိမ်စဉ်တန်းကြီးဖြစ်သည်ဟု သိရသည်။ ၁၇ ရာစုနှစ်မှစ၍ ရှမ်းစော်ဘွားများ တည်ထောင်ခဲ့သည်ဟု သိရပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနယ်စပ်နှင့် ၅၃ မိုင်ခန့်သာ ဝေးသည်။

စင်းခန်းကျေးရွာသည် ဗန်းမော်မြို့နယ်အတွင်းမှ ရွာကြီးတစ်ရွာဖြစ်ပြီး ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်းအထက်တွင်ရှိသည်။ ထိုစင်းခန်းကျေးရွာအနီး ဧရာဝတီမြစ်ပေါ် ဖြတ်သန်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူ၍ ဧရာဝတီတံတား(စင်းခန်း)ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၄-၂-၂၀၁၂ (စနေနေ့)

ဧရာဝတီတံတား(စင်းခန်း)ဖွင့်ပွဲကို ထိုနေ့နံနက် ၉ နာရီတွင် စင်းခန်းကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၍ ဖွင့်လှစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယခု ဖွင့်လှစ်ပေးသည့် ဧရာဝတီတံတား

ဤတံတားကြီးကို သတ်မှတ်ချိန်အတွင်းပြီးအောင် နေ့/ည တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။
ဦးမျိုးဝင်း
အင်ဂျင်နီယာမှူးကြီး

(စင်းခန်း) မြစ်ကူးတံတားကြီးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်နေသော အခြေခံအဆောက်အအုံ အမြောက်အမြားထဲမှ အရေးကြီးသည့် တစ်ခုဖြစ်ပါကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် ရေခြားမြေခြားဖြစ်နေသော ပြည်နယ်ပြည်မနေ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများ အားလုံးအတွက် ဤတံတားဖွင့်လှစ်ပေးမှုကြောင့် ဝင်ထွက်သွားလာမှုများလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး ပိုမိုယုံကြည်ချစ်ခင်ရင်းနှီးလာကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို တစ်နည်းတစ်ဖုံ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဤအချိန် ဤအခါတွင် လိုအပ်လှသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် ဤဒေသမှာ ရာသက်ပန်နေထိုင်သွားကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ကြပါစေ၊ ဤဒေသ၏ သဘာဝထာဝရ အလှအပများစွာတို့နှင့် အတူ ထာဝရငြိမ်းချမ်းရေးလည်း အမြန်ပေါ်ထွန်းပါစေဟု ဆုတောင်းပါကြောင်းတို့ကို ထည့်သွင်းပြောကြားသွားသည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ဧရာဝတီတံတား(စင်းခန်း)သည် ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တို့ကို ဆက်သွယ်သော ကသာ-စင်းခန်းလမ်း စင်းခန်းရွာ အနီးရှိသည့် ဧရာဝတီမြစ်ကူး တံတားကြီးဖြစ်ပြီး နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းပါ ပူးတွဲ ဆောက်လုပ်ထားသည့်အတွက် ဗန်းမော်မြို့မှ ကသာ-စစ်ကိုင်း-မန္တလေးမြို့သို့ ၃၂၂ မိုင်၊ ဗန်းမော်မြို့မှ နေပြည်တော်သို့ ၄၇၅ ဒသမ ၅ မိုင်၊ ဗန်းမော်မြို့မှ ရန်ကုန်မြို့သို့ ၇၀၇ ဒသမ ၅ မိုင်တို့အား မီးရထားဖြင့် အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အပြင် တည်ဆောက်ဆဲဖြစ်သော မြစ်ကြီးနား-ဗန်းမော်-လားရှိုး မီးရထားလမ်းဖြင့် ကချင်ပြည်နယ်မှ ရှမ်းပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ရထားလမ်းကွန်ရက်ဖြင့် ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ဤဧရာဝတီတံတား (စင်းခန်း) အပါအဝင် ဧရာဝတီမြစ်ကြီးပေါ်မှာ မြစ်ကူးတံတားကြီး ငါးစင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တစ်ပြိုင်တည်း ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဧရာဝတီတံတား (ညောင်တုန်း) ကို ၂၇-၁၁-၂၀၁၁ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံမှာ အရှည်ဆုံးကားလမ်း တံတားကြီးဖြစ်သည့် ဧရာဝတီတံတား(ပခုက္ကူ)ကို ၃၁-၁၂-၂၀၁၁ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ဤဧရာဝတီတံတား(စင်းခန်း)ကိုလည်း အချိန်တိုအတွင်း တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ပြည်ထောင်စုနေ့လက်ဆောင်အဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူရမှာဖြစ်ကြောင်း၊ တံတားကြီးတစ်စင်းလုံးကို တည်ဆောက်ချိန် နှစ်နှစ် ခုနစ်လဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဤတံတားကြီးသည် ဧရာဝတီမြစ်ကြီးပေါ်၌ တည်ဆောက်ပြီးစီးခဲ့သည့် ၁၂ စင်းမြောက်

တံတားဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် တည်ဆောက်ပြီးစီးသဖြင့် ဖွင့်လှစ်ခဲ့သည့် ၁၁ စင်းမြောက် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်း ဖြစ်ကြောင်းတို့ကို ရှင်းလင်းတင်ပြသွားသည်။

ဗန်းမော်ကနေ ဖွင့်ပွဲလာရောက်အားပေးတာပါ။ တံတားကြီးပြီးသွားတော့ ဝမ်းသာတာပေါ့။ ဗန်းမော်ကနေ ကသာသွားချင်ရင် ကားနဲ့ တိုက်ရိုက်သွားလို့ ရတော့မှာမို့ပါ။
မလမိုင်ထုရှန် (ဗန်းမော်မြို့)

ဧရာဝတီတံတား(စင်းခန်း)တည်ဆောက်ရေးစီမံကိန်းကို အင်ဂျင်နီယာမှူးကြီး ဦးဆောင်သော အထူးစီမံကိန်းကြီးအဖွဲ့(၂)က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း အင်ဂျင်နီယာဝန်ထမ်း ၁၂၈ ဦး၊ ကျွမ်းကျင်လုပ်သား ၆၁ ဦး၊ ရိုးရိုးလုပ်သား ၆၁၀ တို့ဖြင့် နေ့မအား၊ ညမနား အချိန်ပြည့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ တံတားကြီးတည်ဆောက်ရေးတွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းမှ တိုင်းရင်းသားပြည်သူများလည်း ပါဝင်ခဲ့ကြသည်ဟု သိရသည်။

ကချင်ပြည်နယ်တစ်ခုတည်း၌ နိုင်ငံတော်က တံတားတည်ဆောက်ပေးမှုအပိုင်းကိုကြည့်လျှင် ၁၉၈၈ ခုနှစ်မတိုင်မီက ပေ ၁၈၀ အထက် တံတား ၂၇ စင်းရှိခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း ယနေ့အထိ ဤစင်းခန်းတံတားကြီးအပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၂၂ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ဗလမင်းထင်တံတားကြီးကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ထို့အပြင် တည်ဆောက်ဆဲ ပေ ၁၈၀ အထက် တံတားများအနေဖြင့် မူလာရှီးဒီးတံတား ပေ ၅၇၀၊ ရပ်ဘော့တံတား ပေ ၅၄၀၊ တဆိတ်တံတား ပေ ၂၂၀ တို့ကို တည်ဆောက်လျက်ရှိပြီး တဝမ်တံတား ပေ ၈၄၀၊ မချမ်းဘော့တံတား ပေ ၇၂၀ နှင့် မိုးဆစ်တံတား ပေ ၂၂၀ တို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်သည် ဆီးနှင်းများ အစဉ်ဖုံးလွှမ်းနေသည့် ခါကာဘိုရာဇီတောင်၊ မေခ၊ မလိခ မြစ်နှစ်သွယ်နှင့် မြစ်မင်းဧရာဝတီတို့ ရှိနေခြင်းကြောင့် ကြည်နူးဖွယ်အလှအပတို့ ထာဝရ ပြည့်လျှမ်းနေသည့် မြန်မာပြည်မြောက်ဖျားက ဒေသတစ်ခုဖြစ်သည်။

ကချင်ပြည်နယ်သည် ယခုအခါ ငြိမ်းချမ်းရေးရောင်ခြည်များသန်းလျက်ရှိနေချိန်ဖြစ်၍ ဧရာဝတီတံတား (စင်းခန်း)သည် ကချင်ပြည်သူတို့အတွက် ငြိမ်းချမ်းရေးတံတားကြီးဟု ကျွန်တော် တင်စားရေးသားလိုက်ချင်ပါတော့သည် --- ငြိမ်းချမ်းပါစေ ကချင်မြေ။ ။

ဧရာဝတီတံတား(စင်းခန်း)ကို တွေ့ရစဉ်။

ကြေးမုံမြင်ကွင်း

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာလျက်ရှိရာ အဓိကလမ်းမကြီးများကို အဆင့်မြှင့်တင်ပြုပြင်လျက်ရှိသည်။ ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာများရှိ အုတ်နံရံများ၊ ခြံစည်းရိုးများ၊ အဆောက်အအုံများ၊ ဓာတ်တိုင်များကို လှပတင့်တယ်အောင် ပြင်ဆင်ထားသော်လည်း အကျည်းတန်အရုပ်ဆိုးအောင် ဆေးရောင်စုံ Spray များဖြင့် အဓိပ္ပာယ်မဲ့ရေးသားထားမှု (အပေါ်ပုံ)**နှင့် လမ်းဘေးဈေးသည်များ၏ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိနိုင်သော စားသောက်ဖွယ်ရာများ ရောင်းချမှုကြောင့် ကမ္ဘာလှည့်ခရီးသွားများ၏ အထင်သေး အမြင်သေးမှု** (ဝဲပုံ) **ဖြစ်ပေါ်နိုင်မှု စသည်များသည် မြို့တော်၏အလှနှင့် ဂုဏ်ကျက်သရေကို ညှိုးနွမ်းပျက်စီးစေပြီး တိုင်းပြည်၏ဂုဏ်ကိုလည်း ညှိုးနွမ်းစေသည့်အတွက် အထူးရှောင်ရှားသင့်ပေသည်။** (ဌေး+သာ)

တရားမဝင်သစ်တင်ကားနှစ်စီး မြင်းမူ၌ ဖမ်းမိ ယာဉ်ပေါ်ပါသူများ ရှောင်တိမ်းနေ၍ စုံစမ်းဖော်ထုတ်လျက်ရှိ

မြင်းမူ ဖေဖော်ဝါရီ ၁၉

ဖေဖော်ဝါရီ ၉ ရက် ည ၁၀ နာရီခွဲခန့်တွင် မြင်းမူမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးတင်စိုး၊ တောအုပ်ဦးအောင်နိုင်ဝင်း၊ တောအုပ်ဦးနီစိုင်းမောင်တို့ ပါဝင်သော တရားမဝင် သစ်ရှာဖွေဖမ်းဆီးရေး စစ်ကြောင်းအဖွဲ့သည် သတင်းအရ မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၄၄/၇ ထီးဆောင်းကျေးရွာတွင် စောင့်ဆိုင်း၍ စပါးခွံအိတ်များဖြင့် တင်ဆောင်လာသော Nissan ခြောက်ဘီး ခ/--- ခေါင်းဖြူ စိမ်းကျားနှင့် Nissan ခြောက်ဘီး ၂ခ/--- ခေါင်းနက်ပြာကား နှစ်စီးအား ရပ်တန့်စစ်ဆေးရာတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များက ကြည်ဖြူစွာ စစ်ဆေးမှု မခံယူဘဲ ရန်မူတုံ့ပြန်သည့် လက္ခဏာများ တွေ့ရှိရသဖြင့် လုံခြုံရေးအရ မြင်းမူမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဖုန်းဆက်အကြောင်းကြား ခေါ်ယူသည့်အခါတွင် ကားသော့များ ယူဆောင်ပြီး ယာဉ်နှစ်စီးမှ လူများ ထွက်ပြေးတိမ်းရှောင်သွားသည်။ ည ၁၀ နာရီ ၄၅ မိနစ်တွင် ဒု-ရဲအုပ်မြင့်လွင်နှင့် အဖွဲ့တို့ ရောက်ရှိလာပြီး ယာဉ်ပေါ်ပါ စပါးခွံအိတ်များအား ဖယ်ရှားစစ်ဆေးသောအခါ တရားမဝင် ကျွန်းနှင့် တမလန်းများ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသည်။ အဆိုပါ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် သစ်ပိုင်ရှင်များအား လိုက်လံစုံစမ်းရှာဖွေလျက်ရှိပြီး မြင်းမူရဲစခန်းမှ (ပ)၄၂/၂၀၁၂ ပြစ်မှုပုဒ်မ၆(၁)ဖြင့် အမှုဖွင့်ထားရှိကြောင်း သိရသည်။**(အောက်ပုံ)**

(၆၂၄)

မြစ်ကိုတွေ့လျှင်
တံတားဆင်
ပြည်ခွင်သာဖို့
လမ်းခင်းစို့

ပြည်ထောင်စုတစ်ဝန်းမှ မြန်မာနိုင်ငံတောင်ဘက်ဖျားသို့ လွယ်ကူစွာသွားလာနိုင်သည့်

သံလွင်မြစ်ကူး သံလွင်တံတား(မော်လမြိုင်)

တံတားအချက်အလက်များ

၁။ ပင်မတံတား ၇၆၉၉ ပေ၊ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတား ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား ၂၂၅၂ ပေ စုစုပေါင်းကားလမ်း တံတားအရှည် ၁၁၅၇၅ ပေရှိသည်။

၂။ သံလွင်တံတား(မော်လမြိုင်)မှာ ရထားလမ်း တစ်လမ်းနှင့် ကားလမ်းနှစ်လမ်း ယှဉ်လျက်ရှိသော တံတားဖြစ်သည်။ ရထားလမ်းရော ကားလမ်းပါ တံတားသံပေါင်အတွင်း ထည့်သွင်းတည်ဆောက်ထားသည်။

၃။ အပေါ်ထည်မှာ သံမဏိသံပေါင်+သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်အမျိုးအစားဖြစ်သည်။

၄။ တံတား၏ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး ရထားလမ်း အကျယ်မှာ ၁၄ ပေရှိသည်။ ဘေးတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

၅။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၃၂၈ ပေနှင့် အမြင့် ၄၆ ပေ ရှိသည်။

၆။ တံတားတည်ဆောက်ရေးစီမံကိန်းကို ၁၈-၃-၂၀၀၀ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၇-၁၂-၂၀၀၄ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ၅-၂-၂၀၀၅ ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

* သံလွင်တံတား(မော်လမြိုင်)သည် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်းလမ်းပေါ်၌ တည်ရှိသည်။
* မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်နှင့် မုတ္တမတို့ကြား၌ တည်ရှိသည်။ ခေါင်းဆေးကျွန်းအနီး ရေစီးသန်ပြီး လှိုင်းဝဲဂယက်များ အလွန်ထန်သည့်နေရာ၌ တည်ဆောက်ထားသည်။
* မြန်မာနိုင်ငံ၌ အရှည်လျားဆုံးစာရင်းဝင် တံတားတစ်စင်းဖြစ်သည်။ ရေလယ်တိုင်အောက်ခြေ အုတ်မြစ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဘိုးပိုင် ၂၈ လုံးတွဲ Caisson Type Foundation နည်းကို မြန်မာနိုင်ငံ၌ ပထမဆုံး စတင်အသုံးပြုခဲ့သည့်တံတားဖြစ်သည်။
* နိုင်ငံတော်၏ တောင်ဘက်ဖျား တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ မော်တော်ကားများ မော်လမြိုင်တံတားကြီးမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ လွယ်လင့်တကူ ခရီးဆက်နိုင်ပြီဖြစ်သည်။ ဒေသအားလုံး တစ်ဆက်တစ်စပ်တည်းရှိလာ၍ စီးပွားရေး၊ လူမှုရေးတိုးတက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော တံတားကြီးဖြစ်သည်။

၁ ရှေ့ဖုံးမှ

အခမ်းအနားတွင် ပြည်ထောင်စု န်ကြီး ဦးမြင့်လှိုင်က အလျင်လို ကျေးရွာမှ တောင်သူများပိုင်ဆိုင်သည့် လယ်မြေ ၃၆၉ ဧကေ၌ ပုလဲသွယ်စပ်မျိုး ပါးများအား ထွန်တုံးပိတ်စိုက်ပျိုးမည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်း အထွေထွေအတွင်း ရေးမှူး ရောဟသ်ာဆန်စပါး အထူးပြု ကုမ္ပဏီ ဒါရိုက်တာ ဦးရဲမင်းအောင်က လဲသွယ်စပ်မျိုးစပါး၏ ဈေးကွက်ခိုင်မာ အခြေအနေ၊ တောင်သူများသို့ ပါးကြိုတင်ဝယ်ယူသည့် စနစ်ဖြင့် ငွေထုတ်ပေးနေမှုနှင့် နေပြည်တော်တွင် ခေတ်မီ ဆန်စက်တည်ဆောက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူ နှစ်ဦးတို့က စိုက်ပျိုး ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေ ရန် နိုင်ငံတော်က ပံ့ပိုးပေးနေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း န်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန များ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းနှင့် ဆန်စပါးအထူးပြု ကုမ္ပဏီ များ ပေါင်းစပ်ညှိနှိုင်း၍ စိတ်ပါဝင်စား စွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရ၍ များစွာအားတက်မိ ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံအဆင့်သာ တည်ရှိနေသေး ကြောင်း၊ စက်မှုကဏ္ဍတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သော်လည်း လောလောဆယ်တွင် စိုက်ပျိုးရေးကိုသာ အဓိကထား ဆောင်ရွက်နေရကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးလာရန်အတွက် တိုးတက်ကောင်းမွန်သည့် ပြောင်းလဲ မှုဖြင့် ပြောင်းလဲဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ ယခင်ကကဲ့သို့ စိုက်ပျိုး လုပ်ကိုင်ပါက ယခင်ကအတိုင်း တိုးတက်မှုရရှိလာမည် မဟုတ်ကြောင်း၊ တိုးတက်လာရန်အတွက် သာမန်လုပ်ရိုး လုပ်စဉ်အတိုင်း လုပ်ကိုင်နေရုံမျှဖြင့် မရနိုင်ဘဲ ပြောင်းလဲလုပ်ဆောင်သွားကြ ရမည်ဖြစ်ကြောင်း။

ပထမဦးစွာ မိမိတို့၏ စိတ်ဓာတ်ကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ် ကိုပြုပြင်ပါက လုပ်ဆောင်ချက်က ထက်ကြပ်မကွာ လိုက်ပါလာမည်သာ ဖြစ်ကြောင်း၊ ရှေးယခင်က မြန်မာနိုင်ငံ သည် အာရှ၌ ဆန်အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ခဲ့သော်လည်း ယခုအခါတွင် ဆန်တင်ပို့မှုနည်းပါးသည့် နိုင်ငံ တစ်နိုင်ငံဖြစ်၍နေကြောင်း၊ မိမိနိုင်ငံထက် ဧရိယာ အကျယ်အဝန်းငယ်သော

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က ဆန် အများဆုံး တင်ပို့နေကြပြီး တင်ပို့မှု အရေအတွက်များရုံသာမက အရည် အသွေးလည်း ကောင်းမွန်သဖြင့် ကမ္ဘာတွင် လူကြိုက်များလျက်ရှိကြောင်း၊ မိမိတို့တွင် သင့်တင့်မျှတသည့် ရာသီ ဥတုရှိပြီး ရေသယံဇာတလည်း ပေါကြွယ်ဝလျက်ရှိကြောင်း၊ ထို့အပြင် လယ်ယာမြေများမှာ မြေဩဇာကောင်း မွန်နေသေးသည့် နိုင်ငံဖြစ်ပါကြောင်း၊ နိုင်ငံအနေဖြင့် စားနပ်ရိက္ခာ ဖူလုံရုံ သာမက ပြည်ပသို့တင်ပို့နိုင်အောင် လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လူတစ်ယောက်၏ဘဝတွင် စားဝတ် နေရေး ပြည့်စုံဖူလုံရန်မှာ အရေးကြီးပါ ကြောင်း၊ ဝတ်ရေးနှင့်နေရေးမှာ နေ့စဉ် မပူပင်ရသော်လည်း စားရေးအတွက်ကို မူ နေ့စဉ်နှင့်အမျှ ပူပင်နေကြရပါ ကြောင်း၊ ယခုအခါတွင် ကမ္ဘာ့လူဦးရေ မှာ သန်းပေါင်း ၇၀၀၀ အထိရှိလာပြီ ဖြစ်ပြီး ကမ္ဘာမြေ၏ အရွယ်အစားမှာ ပြောင်းလဲလာခြင်း မရှိကြောင်း၊ သို့ဖြစ် ရာ တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာကို ယခင်ကထက် နှစ်ဆ၊ သုံးဆတိုးတက် ထုတ်လုပ်လာရပါ ကြောင်း။

စိတ်ဓာတ်ပြောင်းလဲသကဲ့သို့ ရုပ်ပိုင်း ဆိုင်ရာကိုလည်း ပြောင်းလဲရမည်ဖြစ် ကြောင်း၊ နိုင်ငံတစ်ဝန်း၌ လယ်ယာကွက် များမှာ ပုံစံအမျိုးမျိုးဖြင့်တည်ရှိနေသဖြင့် ဧရိယာအကျယ်အဝန်းကို စာရင်းအတိ အကျကောက်ယူရာတွင် ခက်ခဲပါ ကြောင်း၊ လယ်ယာကဏ္ဍတိုးတက်ရေး အတွက် လယ်ယာမြေပြုပြင်ပြောင်းလဲမှု ကို ဦးစွာလုပ်ဆောင်ရမည်ဖြစ်ပါ ကြောင်း၊ ယင်းသို့ ပြုပြင်ရာတွင် ကုန်ထုတ်လမ်းကြောင်း ဖောက်လုပ် ပေးရမည်ဖြစ်ပြီး ယင်းကုန်ထုတ် လမ်းဘေးနှစ်ဖက်၌ ရေမြောင်းများ ဖောက်လုပ်၍ လယ်မြေကိုရေပေးဝေ နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်း ဝဲယာတွင် အရွယ်အစားတိကျသော ဧကကွက်များ ဖော်ထုတ်စိုက်ပျိုးမှသာ လယ်ယာမြေစာရင်း တိကျမှန်ကန်ပြီး လယ်ယာသုံး စက်ကိရိယာများဖြင့် လည်း အလွယ်တကူ ထွန်ယက် စိုက်ပျိုးရိတ်သိမ်းနိုင်မည် ဖြစ်ကြောင်း။

အလားတူ လယ်ယာလုပ်သား ရှားပါးလာမှုကို ကုစားနိုင်ရန်အတွက် စက်မှုလယ်ယာစနစ်ကို ကူးပြောင်း ရမည်ဖြစ်ကြောင်း၊ လူအင်အားဖြင့် သမားရိုးကျစိုက်ပျိုး၊ ရိတ်သိမ်းခြွေလှေ့ သည့်နည်းမှာ ကုန်ကျစရိတ်ပိုမိုများပြား ပြီး သီးနှံလေလွင့်ဆုံးရှုံးမှုလည်း များပြား ပါကြောင်း၊ တစ်ဧကလျှင် စပါး ခြောက် တင်းနှုန်းခန့် လေလွင့်သဖြင့် တစ်နိုင်ငံ လုံးရှိ စိုက်ဧက ၁၇ သန်းဖြင့် တွက်ချက် ပါက လေလွင့်ဆုံးရှုံးမှုပမာဏမှာ လွန်စွာ ကြီးမားပါကြောင်း၊ စက်ကိရိယာဖြင့် ထွန်ယက်စိုက်ပျိုးပြီး ရိတ်သိမ်းခြွေလှေ့ စက်ဖြင့် ရိတ်သိမ်းပါက ကုန်ကျစရိတ် လည်း ထက်ဝက်နီးပါးသက်သာ၍ အလေအလွင့်နည်းပါးပြီး သန့်စင်သော စပါးကိုလည်း ရရှိမည်ဖြစ်ကြောင်း။

ထို့အတူ အထွက်တိုးမျိုးကောင်း မျိုးသန့်ကိုလည်း ရွေးချယ်စိုက်ပျိုးရမည် ဖြစ်ကြောင်း၊ နိုင်ငံအချို့တွင် တစ် စပါး တင်း ၂၀၀ ထွက်ရှိနေ မိမိတို့နိုင်ငံတွင် တစ်ဧကပျမ်းမျှ ၆၀၊ ၇၀ ခန့်သာ ထွက်ရှိနေ ကြောင်း၊ အထွက်လည်းတိုး၊ စ လည်း ကောင်း၊ ပြည်ပဈေးကွက်လ ဝင်ဆံ့သည့် စပ်မျိုးစပါးကို ပြော စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထို စိတ်ဓာတ်ပြောင်းလဲမှု၊ မြေယာပြ ပြောင်းလဲမှု၊ စက်မှုလယ်ယာ ပြောင်းလဲမှုနှင့် အထွက်တိုးမျိုးကေ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှု ဆောင်ရွက်မှသာ လယ်ယာကဏ္ဍ တိုးတက်လာမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် မိမိတို့နိုင် နှစ်စဉ်ပြည်ပသို့ ဆန်တင်ပို့ တန်ချိန် တစ်သန်းပင် မပြည့် ကြောင်း၊ ဆန်စပါးဖူလုံရုံသာ ပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရ ဖြစ်ကြောင်း၊ နောင်အနာဂတ် တိုးတက်လာသည့် လူဦးရေအ စားနပ်ရိက္ခာ ဖူလုံစေရန်လည်း တွေး ဆောင်ရွက်ရမည်ဖြစ်ကြေ တိုးတက်လာသည့် လူဦးရေအ စားနပ်ရိက္ခာ ဖူလုံစေရန် တစ် လုံးက စိုးရိမ်နေရပါကြောင်း၊ F Security အတွက် နိုင်ငံအားလ စဉ်းစား ဆောင်ရွက်နေရပါကြေ သို့ဖြစ်၍ မိမိတို့အနေဖြင့် သ စိုက်ပျိုးထုတ်လုပ်ရုံဖြင့် မရတေ မိမိတို့ကိုယ်တိုင် အမြန်ပြုပြင်ပြော ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ စက်မှု လယ်ယာစနစ် အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်း၌ ပျိုးဗန်းစနစ်ဖြင့် စပါးမျိုးများ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦး
နှုတ်ဆက်အားပေးစဉ်။

Channel-7 ရုပ်သံလိုင်းအသစ်နှင့် 4 Digital ရုပ်သံလိုင်းများ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၉

Forever Group Co.,Ltd.က ကြာမီ ထုတ်လွှင့်မည့် Channel-7 ုပ်သံလိုင်းအသစ်နှင့် 4 Digital ရုပ်သံ လိုင်းများ မိတ်ဆက်ပွဲအခမ်းအနားကို နေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ Forever Group Co.,Ltd. တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အနုပညာရှင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ Forever Group Co.,Ltd. CEO ဦးဝင်းမော်က ပြည်သူ များစိတ်ချမ်းမြေ့စွာဖြင့် ရုပ်သံအစီအစဉ် များ ကြည့်ရှုနိုင်ရန်နှင့် ဗဟုသုတများ တိုးပွားရရှိစေရန် Channel-7 ရုပ်သံ လိုင်းအသစ်နှင့် 4 Digital ရုပ်သံလိုင်း များကို မိတ်ဆက်ရခြင်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(အောက်ယာပုံ)**

ထို့နောက် Forever Blossom Co.,Ltd.၊ Signature Myanmar Co., Ltd ၊ Media Kabar Co.,Ltd နှင့် Forever BEC-Tero တို့မှ တာဝန်ရှိ သူများက ၂၀၁၂ ခုနှစ်အတွင်း ဆောင် ရွက်မည့် ရုပ်သံအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

Channel-7 ရုပ်သံလိုင်းအသစ်တွင် Signature Myanmar မှ တင်ဆက် မည့် အဖိုးတန်အလှုရတနာများ၊ Media Kabar မှ တင်ဆက်မည့် Sign of Love Drama Series များ၊ ခေတ်သစ် ပျိုမေ အစီအစဉ်တွင် အမျိုးသမီးများ သိထားသင့်သည့် အိမ်ထောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနည်း ပညာနှင့် အလှအပဆိုင်ရာများ၊ စိတ်လှုပ်ရှားစေမည့် Game Show များ၊ Forever Group နှင့် Media Company BEC Tero တို့ ပူးပေါင်း တင်ဆက်မည့် အရည်အသွေးမြင့် Concert၊ အားကစား၊ Event များ၊ ရုပ်ရှင်ဂီတ အကြောင်းအရာများ ပါဝင် ကြောင်းသိရသည်။

ထိုင်းနိုင်ငံမှ BEC Tero သည် ထိုင်းနိုင်ငံတွင် အောင်မြင်ကျော်ကြား နေသော Channel-3 အစီအစဉ် များကို ထုတ်လွှင့်လျက်ရှိပြီး BEC Tero နှင့် ပူးပေါင်းထုတ်လွှင့်သော ရုပ်သံအစီအစဉ်သစ်များကို MRTV-4၊ မကြာမီ ထုတ်လွှင့်မည့် Channel-7 ရုပ်သံလိုင်းအသစ်နှင့် 4 Digital ရုပ်သံ လိုင်းများတွင် ပြသမည့်အပြင် နိုင်ငံ တကာ ရုပ်မြင်သံကြားလိုင်းများတွင်ပါ ရောင်းချပြသနိုင်ရန် စီစဉ်လျက်ရှိသည်။

Forever Group သည် မြန်မာ နိုင်ငံတွင် ရုပ်မြင်သံကြားအစီအစဉ် ကောင်းများ ထွက်ပေါ်လာရန် နိုင်ငံ တကာ အဖွဲ့အစည်းများဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံမှ EBS၊ ထိုင်း နိုင်ငံမှ BEC Tero၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ CCTV ရုပ်မြင်သံကြား၊ ဂျာမနီနိုင်ငံမှ DW ရုပ်မြင်သံကြား၊ ကိုရီးယားသမ္မတနိုင်ငံမှ arirang ရုပ်မြင်သံကြား၊ ABU (Asia Broadcast Union)၊ AIBD (Asia Pacific Institute of Broadcasting Development) အစရှိသည့် အဖွဲ့အစည်း များ၏ နည်းပညာ၊ အတတ်ပညာဆိုင် ရာ အကူအညီများဖြင့် ပူးပေါင်းဆောင် ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ရောရှေ့ဝါ စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ရောရှေ့ဝါစက်သုံးဆီ အရောင်းဆိုင် (Terminal-101)၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲ ကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ရှေးဦးစွာ စက်သုံးဆိုင်အရောင်းဆိုင် မန်နေဂျာ ဦးကျော်ထူးက ဆီသိုလှောင် ထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်း တပ်ဆင်ဆောင်ရွက်ထားရှိမှု၊ အရေးပေါ်ရေရှိမှုနှင့် မီးသတ်ယာဉ် ဝင်/ထွက် လမ်းများကို ရှင်းလင်းပြသ သည်။ ထို့နောက် ပုဗ္ဗသီရိမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး၊ အရေး ပေါ် မီးသတ်ပစ္စည်းကိရိယာ ကျွမ်းကျင်လျင်မြန်စွာ အသုံးပြုေ

ဖြစ်ကြောင်း၊ နိုင်ငံအချို့တွင် တစ်ဧကစပါး တင်း ၂၀၀ ထွက်ရှိနေချိန်၌ မိမိတို့နိုင်ငံတွင် တစ်ဧကေပျမ်းမျှတင်း ၆၀၊ ၇၀ ခန့်သာ ထွက်ရှိနေသေးကြောင်း၊ အထွက်လည်းတိုး၊ စား၍လည်း ကောင်း၊ ပြည်ပဈေးကွက်လည်းဝင်ဆံ့သည့် စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်ပြောင်းလဲမှုနှင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှုတို့ကို ဆောင်ရွက်မှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် မိမိတို့နိုင်ငံကနှစ်စဉ်ပြည်ပသို့ ဆန်တင်ပို့မှုမှာ တန်ချိန် တစ်သန်းပင် မပြည့်သေးကြောင်း၊ ဆန်စပါးဖူလုံရုံသာမကပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံစေရန်လည်း မြော်တွေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာ ဖူလုံစေရန် တစ်ကမ္ဘာလုံးက စိုးရိမ်နေရပါကြောင်း၊ Food Security အတွက် နိုင်ငံအားလုံးက စဉ်းစား ဆောင်ရွက်နေရပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် သာမန်စိုက်ပျိုးထုတ်လုပ်ရုံဖြင့် မရတော့ဘဲ မိမိတို့ကိုယ်တိုင် အမြန်ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျင်လိုကျေ
တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယင်းကဏ္ဍမှရရှိလာသည့် အရင်းအနှီးများဖြင့် စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကိုအခြေခံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးလာစေရန် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် အားကြိုးမာန်တက်ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အတွေးအခေါ်၊ စိတ်ဓာတ်နှင့် လုပ်နည်းလုပ်ဟန်များပြောင်းလဲ၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက လေ့လာရေး ရောက်ရှိနေကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တောင်သူများအား ပုလဲသွယ်စပ်မျိုးစပါးများကို အခမဲ့ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အလျင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ၃၆၉ ဧကစိုက်ကွင်းတွင် ပုလဲသွယ်စပ်မျိုးစပါး ထွန်တုံးပိတ်ပွဲအခမ်းအနားကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့က စိုက်ပျိုးရေးဝန်ထမ်းများနှင့် ကောက်စိုက်လုံမေများအား တူညီဝတ်စုံများပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အဆင့်မြင့် လယ်ယာမြေ ၂၈၈ ဧက စိုက်ကွင်းသို့ ရောက်ရှိပြီး မြေယာပြုပြင်ပြီးစီးမှုနှင့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် Advanced Agriculture Engineering Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က မြေယာပြုပြင်ပြီးစီးမှု အခြေအနေနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လယ်ယာများတွင် မြေအောင်းပိုးများကျရောက်မှုအား ထိရောက်စွာကာကွယ်နှိမ်နင်းနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ဒေသခံတောင်သူများအား နှုတ်ဆက်အားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ စက်မှုလယ်ယာစနစ် အဆ[...] လယ်ယာမြေ ဧက ၁၀၀ စိုက်ကွ[...] ရောက်ရှိပြီး ပျိုးပန်းဖြင့် စပါးမ[...] စနစ်တကျ ပျိုးထောင်ထားမှု၊ [...] လယ်ယာသုံးစက်ကိရိယာများ ခ[...] ပြသထားမှုနှင့် ပုလဲသွယ်စပ်မျ[...] လေးမျိုးအား မျိုးယှဉ်ပြိုင်စိုက်ပျ[...] ရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာနိုင်ငံဆ[...] လုပ်ငန်းအသင်းနှင့် စိုက်ပျိုးရေးအ[...] ကုမ္ပဏီများမှ တာဝန်ရှိသူမျ[...] တွေ့ဆုံ၍ လယ်ယာကဏ္ဍ[...] တိုးတက်ရေးနှင့် ပြည်ပဈေးကွ[...] ရေးတို့အတွက် ညှိနှိုင်းဆွေ[...] သည်။

(သတ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ ၂၈၈ ဧက စိုက်ကွင်း၌ ဒေသခံတောင်သူများအား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသရှိ စက်မှုလယ်ယာစနစ် အဆင့်မြင့် လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်း၌ ခင်းကျင်းပြသထားသည့် ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တွေ့ရစဉ်။

(သတင်းစဉ်)

ဆီအရောင်းဆိုင်၌ [...]ရေး သရုပ်ပြပွဲကျင်းပ

[...]ပေါ် မီးသတ်ပစ္စည်းကိရိယာများ ကျွမ်းကျင်လျင်မြန်စွာ အသုံးပြုဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ဆီမီးလောင်မှုအား ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

လျှပ်စစ်အန္တရာယ်ကင်းရေး စွန့်စွန့်စားစားဆောင်ရွက်

မော်လူး ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်း ဦးစီး၍ လျှပ်စစ်ဝန်ထမ်းများသည် ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီတွင် မော်လူးမြို့တွင်း 11 KV ဓာတ်အားလိုင်းပေါ်ရှိ ဆွေးမြည့်နေသော လက်တန်း တိုင်များ လဲလှယ်ခြင်း(ဘိုင်နင်)ကြိုးများ ပြန်လည်တုပ်နှောင်ခြင်း၊ ဓာတ်တိုင် ၂၀ ရှိ ပေါက်ပြဲဆွေးမြည့်လျက်ရှိသော ဆာ့ဗစ်ကြိုးများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လဲလှယ်ခြင်းကို နေ့ချင်းပြီးဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၂-၂၀၁၂ (တနင်္လာနေ့)

AM & PM

၅း၄၀ "အောင်ခြင်း(၈)ပါး -မာရ်နတ်သားကိုအောင်ခြင်း" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၈း၅၀ နှလုံးသားတွေလျှမယ့်ည Song Oo Hlaing One Man Show (Part-2)
၁၀း၁၅ မြတ်လေးရုံကျောင်း စုပေါင်းရဟန်းခံရှင်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ရိုးရာထမနဲပွဲ
၁၁း၃၅ ဘဝထဲကကဗျာ ကဗျာထဲကဘဝ (သူ့အပြုံး)
၃း၀၀ NEW FASHION
DESIGNER GROUP ဒီဇိုင်းပညာနှင့် စက်ချုပ်ပညာဒါန သင်တန်းကျောင်း၏ သင်တန်းဆင်းပွဲ
၃း၃၀ MNL MYANMAR 2012 (Rakhapura United FC Vs Mawyawadi FC) (LIVE)
၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၂၂)**
၇း၂၀ နှလုံးသားတွေလျှမယ့်ည Song Oo Hlaing One Man Show (Part-3)
၈း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀ Sunday Talk
(ချစ်ဝင်းမောင်၊ မျိုးမြတ်သူ)
၉း၁၀ The Shop Around The Corner (Part-26)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်[...] "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၇၅)**
၁၀း၂၀ TITLES FOR 2012 MRTV-4, Channel 7, For[...] Blossom, Media Kabar, Signature Myanmar and Forever BEC TERO တို့[...] ပူးပေါင်းတင်ဆက်ကြမည့် အစီအစဉ်သစ်များ မိတ်ဆက်ပွဲအခမ်းအနား
၁၀း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်[...] "တေးသွားဧကရီ" (အပိုင်း-၂၂)**
၁၂း၀၅ အနုပညာမိုးကောင်းကင်
၁း၃၀ **အားကိုးအားထား**
၂း၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ရွှေရောင်ကြယ်ပွင့် ပျူမင်း[...])
၄း၄၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မူလအခြေအနေများထက် သာလွန်ကောင်းမွန်သည်အထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်နှင့် ပြည်နယ်အစိုးရတို့က ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒနှင့်အညီ စီစဉ်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့် ဦးခက်ထိန်နန်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ ဝိုင်းမော်မြို့မ နှစ်ခြင်းအသင်းတော်၌ မြို့မနှစ်ခြင်း၊ မူရင်းနှစ်ခြင်း၊ လော်ပေါ်နှစ်ခြင်းနှင့် လော်ပေါ်အေဂျီတည်းခိုရေးစခန်းများတွင် နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ယခုအချိန်တွင် နှစ်ဖက်အပစ်အခတ် ရပ်စဲရေးဆွေးနွေးမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပြည်နယ်အတွင်း တဖြည်းဖြည်းရရှိလာနေပြီဖြစ်ကြောင်း၊ မကြာမီအချိန်ကာလအတွင်း ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်ဖက်အပြည့်အဝ အပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်အောင် စီစဉ်လျက်ရှိကြောင်း၊ ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ နစ်နာဆုံးရှုံးခဲ့ရသည့် လူမှုစီးပွားဘဝများကို မူလအခြေအနေများထက် သာလွန်ကောင်းမွန်သည်အထိ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က ဒေသခံတိုင်းရင်းသားမိသားစုများ၏ ဆန္ဒနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပဋိပက္ခများကြောင့် တိုင်းရင်းသားမိသားစုများ၏ လူမှုစီးပွားဘဝ ပျက်စီးဆုံးရှုံးမှုများကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက နှစ်ဖက်အပြည့်အဝ ငြိမ်းချမ်းရေးရယူနိုင်ချိန်၌ အချိန်တိုအတွင်း ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားမိသားစုများအနေဖြင့် ခေတ္တတည်းခိုနေထိုင်ရသည့်နေရာများတွင် အပြည့်အဝအနားယူအားမွေးထားပါက ငြိမ်းချမ်းရေးရရှိချိန်၌ မိမိတို့လုပ်ငန်းခွင်တွင် ခွန်အားအပြည့်ဖြင့် မူလထက်နှစ်ဆ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် အားပေးစကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသလုံခြုံရေးအခြေအနေအရ ပြောင်းရွှေ့လာသူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ပြည်နယ်ငြိမ်းချမ်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်သည်များအပေါ် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားမိသားစုများက ၎င်းတို့ကြုံတွေ့ရသည့် အခက်အခဲများနှင့်ဆန္ဒများကို ရင်းနှီးပွင့်လင်းစွာတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ လှူဒါန်းထောက်ပံ့ငွေများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသားမိသားစုများထံ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စု လူဦးရေစာရင်း (မိတ္တူ)ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် အမှတ်(၂)ရပ်ကွက် ဝိုင်းမော်နယ် နှစ်ခြင်းခရစ်ယာန်အဖွဲ့ရုံးတွင် ကက်သလစ်နှင့် မဒိန် တည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားမိသားစုများအတွက် နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ဝန်ကြီးဌာနများနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းထောက်ပံ့ငွေများ၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသားမိသားစုများထံ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ မာရ်အောင်မြော်ရုံတွင် နောင်ဟီးနှင့် မုတ်လွဲ(ခါးရှီ) တည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး နိုင်ငံတော်သမ္မတမှ လက်ဆောင်ပေးအပ်သည့် SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းထောက်ပံ့ငွေများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသား မိသားစုများထံ ပေးအပ်ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ လီဆူနှစ်ခြင်းတည်းခိုရေးစခန်းနှင့် စိန့်ဂျိုးဇက်ယာယီတည်းခိုရေးစခန်းတို့တွင် သာဂရသက်တောကျောင်း၊ အင်းလေး(နောင်စီပေါ်)၊ မိုင်းနားလဝမ်ကထောင်၊ မိုင်းနားအေဂျီအသင်းတည်းခိုရေးစခန်းများ၌ နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာကြသည့် တိုင်းရင်းသားမိသားစုများအား သွားရောက်တွေ့ဆုံအားပေး၍ SKY NET DTH ရုပ်သံပြစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် တစ်လစာရိက္ခာများကို ဒေသခံတိုင်းရင်းသား မိသားစုများထံ ပေးအပ်ကြကာ ဒေသခံတိုင်းရင်းသားမိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာအုပ်စု အောင်သီရိကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစီအစဉ်ဖြင့် ပြည်သူလူထု အခြေပြု(ရွှေ့လျား) ကျန်းမာရေးဆေးခန်း၊ ကွင်းဆင်းခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာအုပ်စု အောင်သီရိကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါက်တာ ဒေါ်ငွေငွေငြိမ်း၊ ဒေါ်တင်မြတ်သူ၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်ဘေဘီ၊ မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းစန်းလှိုင်၊ PMCT စီမံချက်အရာရှိ ဒေါက်တာ ဒေါ်ခင်သန်းအေး၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းခိုင်နှင့် အဖွဲ့ဝင်များ၊

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်ငွေငွေငြိမ်း ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာအုပ်စု အောင်သီရိကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆရာဝန်များက ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ အသက်(၆၀)နှင့်အထက် အဘိုး အဘွားများ၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများနှင့် မွေးဖွားပြီး မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စမ်းသပ်ကုသဆွေးနွေးလိုသော လူနာများ၊ လူနာရှင်များအား ဆေးကုသပေးခြင်း၊ နှစ်သိမ့်ပညာပေးခြင်း၊ ညွှန်းပို့ရန်ရှိသည့် လူနာများအား ဆေးရုံသို့ညွှန်းပို့ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးဆောင်ရွက်မှုတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ သပြေစမ်းကျေးရွာနှင့် အောင်သီရိကျေးရွာတို့မှ ဒေသခံပြည်သူ ၁၇၅ ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ဆွေးနွေးမှုများခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ရှိချန်ပီယံရန်ကုန် နိုင်ပွဲရ၊ ရတနာပုံ F.C ထိပ်ဆုံးရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ် (၇) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(ပဒုမ္မာကွင်း)
ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး
(မလာဒန်နှင့်ကြည်လင်း)
Southern Myanmar - ဂိုးမရှိ

လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ Southern အသင်းကို နှစ်ဂိုးပြတ်အနိုင်ရပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ရန်ကုန်အသင်းမှာ Southern အသင်း၏ ခံစစ်ကစားပုံမာကျောမှုကြောင့် အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ခင်မောင်လွင်၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း စသည့် ဝါရင့်ကစားသမားများက ဦးဆောင်လာသည့် ရန်ကုန်အသင်းမှာ မိနစ် ၄၀ ကျမှ ဦးဆောင်ဂိုးရခဲ့ပြီး မီလန်၏ ဖြတ်တင်ဘောကို မလာဒန်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် Southern နောက်ခံလူ ဇော်ဝင်းထွန်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသောကြောင့် ဒုတိယပိုင်းတွင် ရန်ကုန်တို့ပွဲကို စိတ်ကြိုက်ကစားသွားနိုင်ခဲ့သည်။ ရန်ကုန်အတွက် ဒုတိယဂိုးကို ၅၅ မိနစ်တွင် ကြည်လင်းက သွင်းယူပေးခဲ့သည်။

(ဗထူးကွင်း)
ရတနာပုံ - တစ်ဂိုး
(ခင်မောင်ထွန်း)
ချင်းယူနိုက်တက် - ဂိုးမရှိ

ပွဲပြီးခါနီးတွင် သွင်းယူခဲ့သော ခင်မောင်ထွန်း၏ဂိုးဖြင့် ရတနာပုံတို့ နိုင်ပွဲဆက်သွားပြီး ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။

(အောင်ဆန်းကွင်း)
မနောမြေ - တစ်ဂိုး
(ဖွဲ့ကပင်မှပက်ထရစ်ကိုယ့်ဂိုးကိုယ်သွင်း)
ဖွဲ့ကပင်ယူနိုက်တက် - ဂိုးမရှိ
(ယနေ့ပွဲ)
(ပဒုမ္မာကွင်း)
ရက္ခပူရ-မောရဝတီ

သတင်း - ရှိုင်းထက်ဇော်

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

ဒေါက်တာသိမ်းကျော်(ဒုတိယညွှန်ကြားရေးမှူး-တိုင်းရင်းဆေးပညာဦးစီးဌာန) သည် ကစားဖော်များဖြစ်ကြသော ဒေါက်တာစိုးကြည်(ထောင်ဆရာဝန်ကြီး-ငြိမ်း)၊ ဒေါက်တာမန်းစိုးသိန်း (MMA)၊ ဦးစိန်ငွေး(MMAGC)တို့နှင့်အတူ ဇန်နဝါရီ ၈ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Titleist pro-V1 ဘောလုံးကို Callaway Big Bertha Iron No(6)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

ကျူးကျော်တဲများကြောင့် ပတ်ဝန်းကျင်ထိခိုက်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဝန်ထမ်းရပ်ကွက်၊ (၆)ရပ်ကွက်အတွင်းရှိ ကျူးကျော်တဲများမှ စွန့်ပစ်သော အညစ်အကြေးများနှင့် ၎င်းတို့မွေးမြူထားသော တိရစ္ဆာန်အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

(၆)ရပ်ကွက်သား

ရေနုတ်မြောင်းများ တူးပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက် မြရိပ်ညိုလမ်း၊ မြရိပ်ညို(၂)လမ်းအပါအဝင် လမ်းတိုင်းတွင် ရေမြောင်းများ ပိတ်ဆို့နေမှုကြောင့် နေအိမ်အချို့တွင် ရေများဝင်ခြင်း၊ ရေများဝပ်ခြင်းများကြောင့် ခြင်များပေါက်ပွားပြီး ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ရေနုတ်မြောင်းများအား တူးဖော်နိုင်ရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူများ

စည်းကမ်းမဲ့သစ်စက်သံ နေ့ညနားမခံသာ ဖုန်မှုန့်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ကျန်စစ်သားလမ်းသွယ်(၁)လမ်းတွင် တည်ရှိသော ပစ်တိုင်းထောင်သစ်ဆိုင်မှ သစ်ခွဲစက်နှစ်လုံးသည် နံနက်မှည၌နက်ပိုင်းအထိ သစ်များခွဲလျက်ရှိရာ စက်၏ဆူညံသံများကြောင့် အနီးပတ်ဝန်းကျင်ရှိအိမ်များမှ သက်ကြီးရွယ်အိုများမှာ အိပ်မရခြင်း၊ ကျောင်းသားကျောင်းသူများမှာ စာကျက်မရအောင် နားမခံသာဖြစ်နေရခြင်း၊ သစ်အမှုန့်များ နေ့စဉ်ရှူနေရ၍ ကျန်းမာရေးထိခိုက်နေရခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံသာသူ**

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း ထိန်းသိမ်းဆောင်ရွက်ပြီး

၂၃-၁-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် ဈေးကြိုကျိုက္ခမီလမ်း မီးပွိုင့်အနီး ဆိုင်းဘုတ်အောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ၏ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းပြီး

၁၄-၁-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာတည်းထံပေးစာကဏ္ဍပါ လားရှိုးမြို့ မြို့မဈေးအနီး အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ပေးစာနှင့်ပတ်သက်၍ စည်းကမ်းမဲ့ရောင်းချလျက်ရှိသည့် ငါးသည်များအား ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကမ္ဘောဇအသင်းနှင့် ထိုင်းပရီမီယာလိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်တို့ ခြေစမ်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၉

မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်းသည် ထိုင်းပရီမီယာလိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ချင်းရိုင်း(Chiang Rai)ခရိုင် ချင်းရိုင်းမြို့တည်နှစ် နှစ်ပေါင်း ၇၅၀ ပြည့်အထိမ်းအမှတ် ထိုင်း-မြန်မာ ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲအဖြစ် ကမ္ဘောဇအသင်းနှင့် ချင်းရိုင်းယူနိုက်တက်အသင်းတို့သည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကမ္ဘောဇအသင်းသည် ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ ခေတ္တရပ်နားထားချိန်အတွင်း အတွေ့အကြုံကောင်းများရရှိစေရန် ယင်းခြေစမ်းပွဲကို ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ ကမ္ဘောဇအသင်းသည် ပွဲစဉ်(၇)အပြီးတွင် ငါးပွဲနိုင် နှစ်ပွဲသရေ၊ (၁၇)မှတ်ဖြင့် အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေသည်။ (ကြေးမုံ)

ကမ္ဘောဇအက်ဖ်စီ ထိုင်းပရီမီယာလိဂ်ကလပ် ချင်းရိုင်းယူနိုက်တက်နှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်မည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ကမ္ဘောဇအသင်း။

အမြင်အာရုံချို့ယွင်းမှုနှင့် ရင်ဆိုင်နေရသည့် ဂျိန်းစ်ဘွန်းမင်းသမီးကြီး ဂျူဒီဒန့်ချ်

*ဂျိန်းစ်ဘွန်းဇာတ်ကားများတွင် ထောက်လှမ်းရေးအကြီးအကဲ 'M' အဖြစ် သရုပ်ဆောင်သူ မင်းသမီးကြီး ဂျူဒီဒန့်ချ် **(အောက်ပုံ)**သည် အမြင်အာရုံ ချို့ယွင်းမှုပြဿနာနှင့် ရင်ဆိုင်နေရပြီဟု သတင်းများတွင် ဖော်ပြသည်။*

စနေနေ့က ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု တစ်ခုတွင် မင်းသမီးကြီး ဂျူဒီဒန့်ချ်က သူမ၏ မျက်စိအခြေအနေကို စမ်းသပ်စစ်ဆေးခဲ့ရာတွင် မျက်လုံး တစ်ဖက်မှာ အမြင်အာရုံ လုံးဝ ကွယ်ပျောက်သွားနိုင်သည့် အခြေအနေရှိပြီး အမြင်အာရုံ အတော်ဆိုးရွားလျက် ရှိသောကြောင့် သူမ၏ကိုယ်ပိုင်ဇာတ်ညွှန်းများကိုပင် မဖတ်နိုင်တော့ဟု ပြောကြားသည်။

အသက်(၇၇)နှစ်ရှိ မင်းသမီးကြီး ဂျူဒီဒန့်ချ်က လန်ဒန်မြို့ ဟိုတယ်တစ်ခု၌ Daily Mirror သတင်းစာနှင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတွင် သူမ၏ သရုပ်ဆောင်ဘဝ ဆက်လက်ထိန်းသိမ်းမြင့်တင်နိုင်ရန် မိသားစုဝင်များ၊ မိတ်ဆွေများအပေါ် မှီခို အားထားနေရကြောင်း၊ သို့သော်လည်း ဂျူဒီက ယင်းအခြေအနေကို နှစ်သက်သဘောကျကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူမက ထိုင်ရုံသာ ထိုင်၍ ဇာတ်ကောင်စရိုက်နှင့်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ✳

ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကာကွယ်သူ ကလစ်ရှ်ကို(ယာပုံ)နှင့် စိန်ခေါ်သူ ဒါးရက်ခ်ချီဆိုရာတို့ ယှဉ်ပြိုင်ထိုးသတ်ပုံ။

ယူကရိန်းဟဲဗီးဝိတ်ချန်ပီယံ စိန်ခေါ်သူကို အမှတ်ဖြင့် အနိုင်ယူ၍ ချန်ပီယံဘွဲ့ကို (၁၀)ကြိမ်မြောက် ကာကွယ်နိုင်

မြူးနစ် ဖေဖော်ဝါရီ ၁၉

ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ အိုလံပီယာဟောလ်အားကစားရုံ၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာ့လက်ဝှေ့ကောင်စီ (ဒဗ်လျူဘီစီ)၏ ဟဲဗီးဝိတ်ချန်ပီယံဘွဲ့ကာကွယ်ပွဲတွင် ယူကရိန်းလက်ဝှေ့သမား ဗစ်တာလီကလစ်ရှ်ကိုက စိန်ခေါ်သူ ဗြိတိသျှလက်ဝှေ့သမား ဒါးရက်ခ်ချီဆိုရာကို အမှတ်ဖြင့် အနိုင်ယူကာ ဟဲဗီးဝိတ်ချန်ပီယံဘွဲ့အား (၁၀)ကြိမ်မြောက် အဖြစ် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အမှတ်ပေးဒိုင်လူကြီးများ၏ တညီတညွတ်တည်းဆုံးဖြတ်မှုအရ ယူကရိန်းလက်ဝှေ့ကျော် ကလစ်ရှ်ကိုသည် စိန်ခေါ်သူဒါးရက်ခ်ဆိုချီရာကို အမှတ် ၁၁၈-၁၁၀၊ ၁၁၈-၁၁၀ နှင့် ၁၁၉-၁၁၁ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အမှတ်ကွာခြားမှု ပြတ်ပြတ်သားသားရှိခဲ့ရသော်လည်း လက်ရှိချန်ပီယံကလစ်ရှ်ကိုသည် စိန်ခေါ်သူ ချီဆိုရာ၏ ပါးနပ်သော ထိုးလုံးထိုးပေါက်များအား ၁၂ ချီလုံးလုံး ရင်ဆိုင်ခဲ့ရသည်။

စိန်ခေါ်သူ ချီဆိုရာ၏ သတ်လုံးသတ်ပေါက်များ မြန်ဆန်ခြင်းကြောင့် ခက်ခဲသော ချန်ပီယံဘွဲ့ ကာကွယ်ပွဲဖြစ်ခဲ့ရကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍

နိုင်ငံတကာအားကစား

ချန်ပီယံဆုကိုင်မြှောက်လိုလျှင် အာဆင်နယ်ကို စွန့်ခွာသင့်ကြောင်း ဗန်ပါစီအား အီဘရာဟီမိုဗစ်ချ် တိုက်တွန်းပြောကြား

မီလန် ဖေဖော်ဝါရီ ၁၉

အေစီမီလန်ကြယ်ပွင့် အီဘရာဟီမိုဗစ်ချ်သည် အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ အနေဖြင့် ချန်ပီယံဆုဖလားများ ကိုင်မြှောက်လိုပါက အာဆင်နယ်အသင်းကို စွန့်ခွာသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့အပြင် မိုဗစ်ချ်က ဗန်ပါစီအနေဖြင့် အာဆင်နယ်အသင်းတွင် နှစ်ပေါင်း အတော်အတန်ကြာ ကစားခဲ့သော်လည်း ဆုဖလားနှင့် ဝေးကွာနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအနေဖြင့် ယခုအချိန်တွင် ဖာဘရီဂက်စ်ကဲ့သို့ အာဆင်နယ်ကို စွန့်ခွာမည်ဆိုပါက အာဆင်နယ်အသင်းအပြင် ပရိသတ်များပါ နားလည်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဘောလုံးကစားခြင်းသည် ဝါသနာအရမဟုတ်ဘဲ အောင်မြင်မှု ရယူနိုင်ရန်လည်း လိုအပ်ကြောင်း၊ မိမိဆိုလျှင်လည်း မတူညီသည့် ကလပ်ရှစ်သင်းတွင် ဖလားရှစ်လုံးကိုင်မြှောက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဗန်ပါစီအနေဖြင့် အောင်မြင်မှုကို လိုချင်တပ်မက်နေသည်ဆိုပါက ယခုအချိန်သည်



အသင်းပြောင်းရန် အကောင်းဆုံး အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း အထူးခြေစွမ်းပြပြီး ဂိုးသွင်းခြေမြူးနေသည့် ဗန်ပါစီအား မန်စီးတီးအသင်းအပြင် စပိန်ထိပ်သီးကလပ် ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူရန် စောင့်ကြည့်နေပြီး ၎င်းကိုယ်တိုင်လည်း အာဆင်နယ်အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရန်ကိစ္စကို ဆိုင်းငံ့ထားသဖြင့် ယခုနှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်၍ အလွတ်ပြောင်းရွှေ့ကြေးဖြင့် အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိသည်။ **အင်တာနက်။**

ဆိတ်များအချင်းချင်း အသံသင်္ကေတဖြင့် ဆက်သွယ်နိုင်ကြောင်း ဗြိတိသျှသုတေသီများ လေ့လာတွေ့ရှိ

ဆိတ်သတ္တဝါများသည် ၎င်းတို့ ကျက်စားရာ ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ ၎င်းတို့၏ အော်သံများဖြင့် အပြန်အလှန် ဆက်သွယ်မှုပြုကြသည်ဟု ဗြိတိသျှသုတေသီများ၏ လေ့လာချက်တစ်ခုတွင် ဖော်ထုတ်တွေ့ရှိသည်။

ဦးချိုပါ စားမြို့ပြန်သတ္တဝါဖြစ်သော ဆိတ်များသည် အသက်အရွယ် ကြီးရင့်လာပြီးနောက် အုပ်စုများဖွဲ့ကာ ကျက်စားကြသည့်အခါ အသံသင်္ကေတဖြင့် အပြန်အလှန် ဆက်သွယ်ကြသည်ဟု လန်ဒန်မြို့ ကွင်းမေရီတက္ကသိုလ်မှ သုတေသီများက ဖော်ထုတ်တွေ့ရှိကြောင်း The Daily Telegraph သတင်းစာက ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြသည်။

လူများ၊ ဆင်များနှင့် လင်းပိုင်များသည် စကားသံများဖြင့် ဆက်သွယ်မှုပြုကြပြီး ဆိတ်သတ္တဝါများသည်လည်း ယင်းကဲ့သို့ ဆက်သွယ်မှုပြုပုံရသည်ဟု ဆိုသည်။

အင်တာနက်သိပ္ပံသတင်း **ဘာသာပြန် - ထန်ဆွင်း**

ကျွမ်းကျင်သူများသည် လက်တစ်ဆုပ်စာ နို့တိုက်သတ္တဝါတချို့ကသာ ၎င်းတို့၏ ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ ၎င်းတို့၏ အော်သံများကိုအဓိပ္ပာယ်ဖွင့်ခွဲခြားနားလည်နိုင်ပြီး တခြားသတ္တဝါမျိုးစိတ်များ၏ အော်သံများကို မျိုးရိုးဗီဇအလိုက်သာ ခွဲခြားသိရှိသည်ဟု ယခင်က တွေးဆခဲ့ကြသည့် ဝေလငါးများနှင့် လင်းနို့ သတ္တဝါများသည်လည်း စကားသံများ ထွက်ဆိုတတ်ကြသည်ဟု ဆိုသည်။

သုတေသီများသည် အိပ်ကျင်းတစ်ခုတည်းတွင်နေသည့် တစ်ပတ်သားအရွယ် ဆိတ်ကလေးများ

စာမျက်နှာ ၅ ကော်လံ ၅ သို့ ▲